မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ရက်၊ ၂၀၁၀ ခုနှစ်၊ ဇွန် ၄ရက်၊ သောကြာနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၄၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၀ ခုနှစ် ဇွန် ၄ ရက်)

ကလေးများကျန်းမာဖွံ့ဖြိုးရေး အမျိုးသားရေးအသိဖြင့် လက်တွဲပါဝင်ဆောင်ရွက်

ကျန်းမာရေးဝန်ကြီးဌာန ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ကလေးကျန်းမာရေးဖွံ့ဖြိုးမှု(၅)နှစ်တာ မဟာဗျူဟာစီမံကိန်း (၂၀၁၀-၂၀၁၄) အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ဥတ္တရသီရိမြို့ရှိ **Mount Pleasant Hotel** ဥတ္တရသီရိခန်းမ၌ ဇွန်လ ၁ရက်နေ့က ကျင်းပခဲ့သည်။

၂၀၁၀-၂၀၁၄ ကလေးကျန်းမာဖွံ့ဖြိုးရေး (၅)နှစ်တာ မဟာဗျူဟာစီမံကိန်းတွင် အိမ်တိုင်ရာရောက် မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှုအပါအဝင် အခြေခံမွေးကင်းစကလေး စောင့်ရှောက်မှု၊ ငါးနှစ်အောက်ကလေး သေဆုံးရသည့် အဓိကအကြောင်းရင်းဖြစ်သော နမိုးနီးယား၊ ဝမ်းပျက်၊ ဝမ်းလျှောရောဂါများကို ပြုစုကုသခြင်းနှင့် အသက် ငါးနှစ်အောက်ကလေးသေဆုံးမှုကျဆင်းရေးတွင် အရေးပါသည့် မိသားစုနှင့် ပြည်သူများအတွင်း လိုက်နာကျင့်သုံးသင့်သော ကျန်းမာရေးအလေ့အထကောင်းများပါဝင်ပြီး ပြည်သူများအတွင်း ကျယ်ကျယ်ပြန့်ပြန့် လိုက်နာကျင့်သုံးစေရေးတို့ကို ဦးစားပေးလုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်း အသက်ငါးနှစ်အောက် ကလေးသေဆုံးမှု၏ သုံးပုံနှစ်ပုံသည် မွေးကင်းစကလေးများဖြစ်၍ မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုအားစိုက်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ မွေးကင်းစကလေးသေဆုံးမှုကျဆင်းရေးအတွက် မွေးဖွားပြီး နှစ်ရက်တွင် အိမ်တိုင်ရာရောက် မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှုပေးကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကျင်းပသည့် ကလေးကျန်းမာရေးဖွံ့ဖြိုးမှု (၅)နှစ်တာ မဟာဗျူဟာစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲသည် ကလေးကျန်းမာရေးဖွံ့ဖြိုးရေးနှင့် စပ်လျဉ်း၍ သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပြီး စီမံကိန်းပါ ရည်မှန်းချက်များ၊ ဦးတည်ချက်များပြည့်မီရေးကို ကျန်းမာရေးဝန်ထမ်းများနှင့်အတူ မိခင်များ၊ ပြည်သူများက အမျိုးသားရေးအသိဖြင့် လက်တွဲပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၄-၆-၂၀၁၀
(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနှားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၉။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၄၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၄၅ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄:၅၀ ၅။ မဟာဂီတ ချိုကြည်မြ
၅:၀၀ ၆။ မျိုးချစ်တပ်မတော်
၅:၀၅ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၅:၁၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅:၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **သဲနုန်းပြင်မှ ဒီလုံးငှက်ကလေးများ** (အပိုင်း-၂)
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ လျှပ်တစ်ပြက်
၆:၃၀ ၁၄။ **ရွှေ** ဟာသဇာတ်လမ်းတွဲ **မင်းသားရူး** မေတ္တာ၊ပေါ်လေး၊ချစ်ဖွယ်၊ ဂွမ်းပုံ၊ဝင်းသပြေထွန်း (ဒါရိုက်တာ-မိုးဇော်ကို)
၆:၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇:၀၀ ၁၆။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **စိမ်းရောင်ခြယ် လှည်းကလေး** (အပိုင်း-၁၅)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ရှင်သန်နေသော သီချင်းများ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ကမ္ဘာ့ညည်းတွင်မည့် ချင်သူရဲကောင်း** (အပိုင်း-၂၈)
၂၄။ ကျန်းမာခြင်းရဲ့ လျှို့ဝှက်ချက်

အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းနှင့် အားကစားလေ့ကျင့်ရေးသင်တန်းဖွင့်ပွဲ

ဝန်ကြီး သူရဦးအေးမြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇွန် ၃

၂၀၁၀-၂၀၁၁ ပညာသင်နှစ် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းနှင့် အားကစား လေ့ကျင့်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အားကစားနှင့်ကာယပညာသိပ္ပံတွင် ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် တက်ရောက်၍ အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

ထို့နောက် ဝန်ကြီးသူရဦးအေးမြင့်က အားကစားနည်းပြဝတ်စုံစရိတ်နှင့် သင်တန်းကျောင်းဆရာ ဆရာမများအတွက် ဝတ်စုံစရိတ်တို့ကိုလည်းကောင်း၊ Youth Development Programme အစီအစဉ်အရ ထောက်ပံ့ပေးသည့် အားကစားအထောက်အကူပြု ပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဝန်ကြီး သူရဦးအေးမြင့်ထံသို့ မြန်မာနိုင်ငံအားကစားနှင့် ကာယပညာကော်မတီက ငွေကျပ်သိန်း ၂၀၀၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ငွေကျပ် ၁၀သိန်း၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ငွေကျပ် ငါးသိန်း၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်ဥက္ကဋ္ဌ ကျော်သာကုမ္ပဏီလီမိတက်မှ ဦးဝင်းလွင်ကငွေကျပ်၁၀သိန်း၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ACE ဆောက်လုပ်ရေးမှ ဦးတင့်ဆန်းက ငွေကျပ် ငါးသိန်း၊ မြန်မာနိုင်ငံကြက်တောင်ရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေက ငွေကျပ် ရှစ်သိန်း၊ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထက်ညီက ငွေကျပ် ငါးသိန်း၊ K.S.S. ကုမ္ပဏီမှ ဦးထွန်းမြင့်နှင့် ဇနီးဒေါ်အေးအေးညွန့် (မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်) တို့က ငွေကျပ်သုံးသိန်း၊ Myint & Associated Co., Ltd. မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်က ငွေကျပ် သုံးသိန်း၊ Horizon International Education Centre MD. ဦးရဲထွန်းက ငွေကျပ်နှစ်သိန်း၊ JADE-LAND MYANMAR Co., Ltd. မှ ဦးဂျေဂန်ဖန်က ငွေကျပ် နှစ်သိန်း၊ Sports World Trading Co., Ltd.မှ ငွေကျပ် တစ်သိန်း၊ အိုလံပစ်သောက်ရေသန့်မှ ဦးတင်စိုးက ငွေကျပ် တစ်သိန်းငါးသောင်း တန်ဖိုးရှိ ရေသန့်ဘူးများနှင့် Golden Tex Co.,Ltd.မှ ငွေကျပ် နှစ်သိန်းတို့ကိုပေးအပ်လှူဒါန်းကြသည်။

သင်ကြားလေ့ကျင့်

အဆိုပါသင်တန်းတွင် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် သင်တန်းသား ၃၁၉ဦးတို့ကို အားကစားနည်း ၁၂ နည်း သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း တွံတေးမြို့နယ် ဒေသဖွံ့ဖြိုးရေးလမ်းဖြစ်သော ကန်ပတ်ရိုးမြေသားလမ်းဖောက်လုပ်နေမှုကို ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းစိုးနှင့် အင်ဂျင်နီယာမှူး ဦးထွန်းရင်တို့ မေ ၂၆ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းထူးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွန်းထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနား

သုံးခွမြို့ အထက(၁)၌ ကျင်းပ

ရန်ကုန် ဇွန် ၃

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် လုံးကျွတ် ကျောင်းအပ်နှံရေးအခမ်းအနားကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ မေ ၂၉ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် အဖွဲ့ဝင်များ၊ အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးလွင်၊ မြို့နယ်အတွင်းမှ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သောင်း **(အောက်ပုံ)**က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးကိုယ်စား အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးလွင်က ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေးလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင်များက မူလတန်းအရွယ် ချို့တဲ့သော ကျောင်းသား ကျောင်းသူလေးများအား အလှူငွေ၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဂုဏ်ပြုနေ့လယ်စာ တည်ခင်းဧည့်ခံ

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင် ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ဂုဏ်ပြုနေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

❐ *ရှေ့ဖုံးမှ*

အမြင်ချင်းဖလှယ်ဆွေးနွေး

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာ နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအတွက် အလေးထားဆောင်ရွက်ဖွယ်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဇွန် ၃

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်ဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းတည့် ၁၂နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ ဂုဏ်ပြုနေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါဂုဏ်ပြုနေ့လယ်စာစားပွဲသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသိန်းလွင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုနေ့လယ်စာစားပွဲ မသုံးဆောင်မီ နှစ်နိုင်ငံ နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

နေ့လယ်စာ သုံးဆောင်နေစဉ်အတွင်း မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသံရှင်များက တေးသံသာများဖြင့်လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အကပဒေသာများနှင့် တရုတ်-မြန်မာချစ်ကြည်ရင်းနှီးမှု တေးသရုပ်ဖော်အကတို့ဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။

ခရီးစဉ်မှတ်တမ်း

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်အား ခရီးစဉ်မှတ်တမ်း အယ်လ်ဘမ်ကို ပေးအပ်သည်။

(သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

❍ *ကျောဖုံးမှ*

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ရန် နေပြည်တော်လေဆိပ်မှ ဇေယျာသီရိဗိမာန်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ ဇေယျာသီရိဗိမာန်ရှေ့၌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

အလေးပြု

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် အလေးပြုခုံ စင်မြင့်သို့ သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်တို့၏ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

စစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ပြန်လည်မိတ်ဆက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ကလည်း ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့်၊ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီးဦးသိန်းဆွေ၊ စွမ်းအင် ဝန်ကြီးဌာန ဝန်ကြီးဦးလွန်းသီ၊ ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီးဦးလှထွန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့်၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်တို့နှင့် ပြန်လည်မိတ်ဆက် ပေးသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၂ခုနှစ် နယုန်လပြည့်ကျော် ၈ရက် (ဥပုသ်နေ့)

၄-၆-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၅ ၆။ အတီးပြိုင်ပွဲ
၈:၁၅ ၇။ ကြေးမုံရိပ်သွင်တေးနယ်
၈:၂၅ ၈။ စိမ်းစိုလန်းဆန်းအုံ့မခန်း ရတနာတန်းဝင်ကျွန်းသစ်ပင်
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ အကပြိုင်ပွဲ
၄:၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ၊ ဒုတိယနှစ် (ရသစာပေအရေးအသား အထူးပြု) (ရသစာပေအရေးအသား)
၄:၄၅ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
၄:၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၅၅ ၇။ မြန်မာစာ၊ မြန်မာစကား
၅:၀၅ ၈။ နှောင်းခေတ်တေးပဒေသာ
၅:၁၅ ၉။ ရင်ခုန်စောင့်စားကမ္ဘာ့ဖလား **အုပ်စု(D)**
၅:၃၀ ၁၀။ ရိုးသားဖြူစင် ကလေးတို့အသွင်
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ ရသစုံလင် အင်တာနက်ဉယျာဉ်
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသော ချစ်နှင်းဆီ** (ဒုတိယပိုင်း) (အပိုင်း-၇)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှင်းဆီရောင်ဘဝ** (အပိုင်း-၂၁)
၁၉။ သီချင်းချစ်သူ **(ကော်နီ)**
၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
၂၁။ အစီအစဉ်ပြီး၏။

အစ္စရေး တိုက်လေယာဉ်များ လက်ဘနွန်ပိုင်နက် ချိုးဖောက်ဟုဆို

ဘော့ကွတ် ဇွန် ၃

အစ္စရေးက လက်ဘနွန်နိုင်ငံ၏ လေကြောင်းပိုင်နက်ကို နေ့စဉ်လိုလိုချိုးဖောက်လျက်ရှိရာ လက်ဘနွန်စစ်ဘက်ကအစ္စရေးလေယာဉ်များကို ပစ်ခတ်ရန်ညွှန်ကြားထားကြောင်း အင်တာနက်သတင်း၌ ဇွန်၂ရက်က ဖော်ပြသည်။

ဖော်ပြ

အစ္စရေးစစ်လေယာဉ်များသည် လက်ဘနွန်တောင်ပိုင်းဒေသတွင် ပျံသန်းခဲ့ပြီးနောက် ဖော်ပြပါကြေညာချက် ပေါ်ထွက်လာခြင်းဖြစ်သည်ဟု အေအက်ဖ်ပီသတင်းဌာနမှ အစ္စရေးတာဝန်ရှိပုဂ္ဂိုလ်၏ ပြောကြားချက်ကို ကိုးကားဖော်ပြသည်။

စောင့်ကြည့်

အစ္စရေးက အလားတူ လေကြောင်းပိုင်နက်ချိုးဖောက်မှုများ ပြုလုပ်လျက်ရှိပြီး ဆက်လက်စောင့်ကြည့်မှု ပြုလုပ်နေသည်။ ယခုကဲ့သို့ ကျူးကျော်မှုသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ဆိုသည်။

(အင်တာနက်)

ပါလက်စတိုင်း အကူအညီပေးသင်္ဘော အစ္စရေးတိုက်ခိုက်မှု အင်ဒိုနီးရှားရှုတ်ချ

ဂျကာတာ ဇွန် ၃

ဂါဇာမှ ပါလက်စတိုင်းပြည်သူများအား လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးမစ်ရှင်သင်္ဘောကို အစ္စရေးတပ်ဖွဲ့ဝင်များက စီးနင်းတိုက်ခိုက်ခဲ့ပြီးနောက် ကမ္ဘာတစ်ဝန်းက အစ္စရေးအား ရှုတ်ချရာတွင် အင်ဒိုနီးရှားနိုင်ငံကလည်း ပါဝင်ရှုတ်ချကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဇွန်၁ရက်က ဖော်ပြထားသည်။

အင်ဒိုနီးရှားသမ္မတဆူစီလိုဘန်ဘန်း

ယင်းတိုက်ခိုက်မှုကြောင့် အင်ဒိုနီးရှား စေတနာ့ဝန်ထမ်းနှစ်ဦးအပါအဝင် လူ ၃၀ခန့် ဒဏ်ရာရရှိခဲ့ပြီး ၁၀ ဦးသေဆုံးခဲ့သည်။ အခြားနှစ်ဦးကိုလည်း အစ္စရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားသည်။

စုံစမ်းစစ်ဆေး

ယင်းဖြစ်ရပ်သည် စိတ်ပျက်စရာကောင်းလှကြောင်း၊ ကုလသမဂ္ဂအနေဖြင့် အစ္စရေးတပ်ဖွဲ့၏ ရက်စက်ကြမ်းကြုတ်မှုအပေါ် စနစ်တကျ စုံစမ်းစစ်ဆေးပြီး ဆုံးဖြတ်ချက်ထုတ်ပြန်ပေးပါရန် အင်ဒိုနီးရှားသမ္မတဆူစီလိုဘန်ဘန်းက ဇွန်၂ရက်တွင် ပြောကြားသည်။

တိုက်တွန်း

ယင်းကိစ္စကို စုံစမ်းဖော်ထုတ်ပေးပါရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း၊ လုံခြုံရေးကောင်စီနှင့် ကုလသမဂ္ဂအထွေထွေညီလာခံသို့ အင်ဒိုနီးရှားသမ္မတက တိုက်တွန်းနှိုးဆော်လိုက်သည်။

(အင်တာနက်)

အေဒင်ပင်လယ်ကွေ့ တောင်ပိုင်းဒေသ၌ တရုတ်ရေတပ်လုံခြုံရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၏ လုပ်ငန်းခွင်ကို ဇွန် ၂ရက်က တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

အာဖဂန် တောင်ပိုင်း၌ တာလီဘန် ခေါင်းဆောင်သေဆုံး

ကန်ဒါဟာ ဇွန် ၃

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ် ပန်ဂျေဝေခရိုင်တွင် တာလီဘန်တပ်မှူး ဟာချီအဂ္ဂါ သေဆုံးခဲ့ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ဇွန်၂ရက်၌ ဖော်ပြထားသည်။

သေဆုံး

မေ၃၁ရက်က ပန်ဂျေဝေခရိုင် ဇန်ကာဘတ်ကျေးရွာတွင် နေတိုးဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲဖြစ်ပွားစဉ် အဆိုပါ တာလီဘန်ခေါင်းဆောင် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

အီးယူအလှည့်ကျဥက္ကဋ္ဌအဖြစ် ဘယ်လ်ဂျီယံ တာဝန်ယူမည်

အေသင် ဇွန် ၃

ဥရောပသမဂ္ဂ(အီးယူ)အနေဖြင့် တူညီသော စီးပွားရေးမူဝါဒအပေါ် တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရန်နှင့် ယူရိုငွေခိုင်မာရေး ကျောထောက်နောက်ခံပြုရန် ဂရိဝန်ကြီးချုပ် ဂျော့ပါပန်ဒရီယိုက ဇွန်၁ရက်၌ ထုတ်ဖော်ပြောကြားသည်။

အေသင်မြို့သို့ အလည်အပတ်ရောက်ရှိနေသော ဘယ်လ်ဂျီယံဝန်ကြီးချုပ် ယိဗ်လီတမ်နှင့် တွေ့ဆုံဆွေးနွေးစဉ် ဂရိဝန်ကြီးချုပ်က ယင်းကဲ့သို့ပြောကြားခြင်းဖြစ်သည်ဟု ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။

တက်ရောက်

ဘယ်လ်ဂျီယံအစိုးရသည် ဇွန်၁ရက်မှစတင်ကာ အီးယူဥက္ကဋ္ဌသစ်အဖြစ် ခြောက်လတာအလှည့်ကျ တာဝန်ယူဆောင်ရွက်စဉ် ဂရိနိုင်ငံ အေသင်မြို့သို့ ဝန်ကြီးချုပ်လီတမ်ရောက်လာခြင်းဖြစ်သည်။

ဘယ်လ်ဂျီယံနိုင်ငံက အီးယူဥက္ကဋ္ဌအဖြစ် အလှည့်ကျတာဝန်ယူဆောင်ရွက်စဉ်တွင် ပထမဦးစားပေးလုပ်ငန်းမှာ စီးပွားရေးနှင့်စပ်လျဉ်းသည့် ပြဿနာရပ်များကို ဖြေရှင်းပေးရန်ပင်ဖြစ်ကြောင်း ဘယ်လ်ဂျီယံဝန်ကြီးချုပ် လီတမ်ကပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

စပိန်နိုင်ငံ မက်ဒရစ်မြို့ရှိ ဘောလုံးအားကစားရုံကို ဇွန် ၂ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ရာဖာနယ်စပ်ဖြတ်ကူးလမ်း အီဂျစ်အစိုးရ ဖွင့်လှစ်ပေး

ကိုင်ရို ဇွန် ၃

ဂါဇာကမ်းမြောင်မှ ပြည်သူများအတွက် အကူအညီပေးရေးသင်္ဘောအုပ်စုကို အစ္စရေးရေတပ်က နိုင်ငံတကာရေပြင်တွင် တိုက်ခိုက်ခဲ့ပြီးနောက် အီဂျစ်က ဂါဇာသို့ဝင်ရောက်ရာ ရာဖာနယ်စပ်ဖြတ်ကူးလမ်းကို ဇွန်၁ရက်၌ ဖွင့်လှစ်ပေးကြောင်း အီဂျစ်လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။

အမိန့်ထုတ်ပြန်

နိုင်ငံတကာ အကူအညီပေးသင်္ဘောအုပ်စုအား အစ္စရေးက တိုက်ခိုက်ခဲ့ပြီး နောက်တစ်ရက်တွင် ဂါဇာကမ်းမြောင်သို့ လူသားချင်းစာနာထောက်ထားရေး အကူအညီများအတွက် နယ်စပ်ဖြတ်ကူးလမ်းဖွင့်လှစ်ရန် အီဂျစ်သမ္မတ မူဘာရက်က အမိန့်ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

(အင်တာနက်)

မော်တော်ဆိုင်ကယ်ဗုံးပေါက်ကွဲ

ပါကစ္စတန်နိုင်ငံ လာဟိုးမြို့၌ မော်တော်ဆိုင်ကယ်ဗုံး ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဇွန် ၂ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

ပါကစ္စတန်၌ လေကြောင်းမှတိုက်ခိုက်မှု စစ်သွေးကြွခေါင်းဆောင် အပါအဝင် ၄၂ဦးသေဆုံး

အစ္စလမ္မာဘတ် ဇွန် ၃

ပါကစ္စတန်နိုင်ငံ အိုရက်ဇိုင်းဒေသကို လေကြောင်းမှ တိုက်ခိုက်ခဲ့သဖြင့် စစ်သွေးကြွခေါင်းဆောင်တစ်ဦးနှင့် တာလီဘန်လိုလားသူဟု ယူဆရသူ ၄၂ဦး သေဆုံးကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် မေ ၁ရက်က ဖော်ပြထားသည်။

ပါကစ္စတန် အနောက်မြောက်ပိုင်းဒေသတွင် ပါကစ္စတန်ဂျက်တိုက်လေယာဉ်များနှင့် စစ်ဆင်ရေးရဟတ်ယာဉ်များက စစ်သွေးကြွ ခြေကုပ်စခန်းခုနစ်ခုကို လေကြောင်းမှ အကြိမ်ကြိမ်တိုက်ခိုက်ခဲ့သည်။ အဆိုပါတပ်ဖွဲ့ဝင်များက မကြာမီရက်သတ္တပတ်အတွင်း ယင်းနေရာများကို အင်အားပြည့် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အတည်ပြု

မေ၃၁ရက်တွင် လေကြောင်းမှ တိုက်ခိုက်မှုကြောင့် စစ်သွေးကြွ ၄၂ဦးသေဆုံးပြီး လူဖဝကျော်ဒဏ်ရာရရှိသည်ဟု အစိုးရတာဝန်ရှိပုဂ္ဂိုလ်နူမန်ခန်က ပြောကြားသည်။ မေ၃၀ရက်ကလည်း လေကြောင်း တိုက်ခိုက်မှုအတွင်း စစ်သွေးကြွတပ်မှူး ဖာရွတ်ကီ သေဆုံးသည်ဟု လုံခြုံရေးတာဝန်ရှိ ပုဂ္ဂိုလ်များက အတည်ပြုပြောကြားသည်။

(အင်တာနက်)

စင်ကာပူဆိပ်ကမ်းရပ်နားခွန် လျှော့ချမှု သက်တမ်း နှစ်နှစ်တိုး

စင်ကာပူ ဇွန် ၃

စင်ကာပူ ပင်လယ်ရေကြောင်းနှင့် ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ (အမ်ပီအေ)အနေဖြင့် စင်ကာပူဆိပ်ကမ်းသို့ ဆိုက်ကပ်သည့် ကုန်သင်္ဘောများအတွက် ဆိပ်ကမ်းရပ်နားခွန် ၂၀ ရာခိုင်နှုန်း လျှော့ချခြင်းကို နောက်ထပ်နှစ်နှစ် အချိန်တိုးမြှင့် သတ်မှတ်မည်ဟု ဆင်ဟွာသတင်းတွင် ဇွန် ၂ရက်က ဖော်ပြသည်။

သတ်မှတ်

စင်ကာပူဆိပ်ကမ်းကို ကုန်ပစ္စည်းသယ်ယူပို့ဆောင်မှုဆိုင်ရာ အဓိကဆိပ်ကမ်းတစ်ခုအဖြစ် ဆွဲဆောင်ရန်ရည်ရွယ်၍ အဆိုပါဆိပ်ကမ်းရပ်နားခွန် လျှော့ပေါ့ခြင်းကို ဇူလိုင် ၁ရက် မှ ၂၀၁၂ခုနှစ် ဇွန်၃၀ရက်အထိ ထပ်မံ၍ သတ်မှတ်သွားမည်ဖြစ်သည်ဟု ဆိုသည်။

၂၀၀၉ ခုနှစ်အတွင်းတွင် စင်ကာပူဆိပ်ကမ်း၌ စုစုပေါင်း သင်္ဘော ၁၃၀၅၇၅ စင်း ဆိုက်ကပ်ရပ်နားခဲ့ကြောင်း၊ ယင်းတို့အနက် ၁၄ ရာခိုင်နှုန်းမှာ ကုန်သင်္ဘောများဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်၌ သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်ပေါင်း ၂၉၀ရှိသွားပြီဖြစ်

ကဘူးလ် ဇွန် ၃

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း၌ အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ကို ပစ်မှတ်ထားလျက် အကြမ်းဖက်တိုက်ခိုက်မှုများ အရှိန်အဟုန်မြင့်ဖြစ်ပွားလျက်ရှိရာ မေ ၁ရက်က ပြင်းထန်သည့် ဗုံးပေါက်ကွဲမှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသည်ဟု လုံခြုံရေးသတင်းရပ်ကွက်က ထုတ်ပြန်ကြေညာသည်။

ထုတ်ပြန်ကြေညာ

သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်မှာ ဟယ်လ်မန့်ပြည်နယ်တောင်ပိုင်း၌ တာဝန်ထမ်းဆောင်နေသည့် ဗြိတိသျှအထူးကွန်မန်ဒိုတပ်ဖွဲ့မှဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

အခြေစိုက်

အာဖဂန်နစ္စတန်သို့ အမေရိကန် ဦးဆောင်သောတပ်များစတင်ဝင်ရောက် ကျူးကျော်သည့် ကိုးနှစ်တာကာလအတွင်း အာဖဂန်၌ သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်ပေါင်း ၂၉၀ ရှိသွားပြီဖြစ်သည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။ အာဖဂန်နစ္စတန်တွင် တပ်ဖြန့်ချထားသည့် ဗြိတိသျှတပ်ဖွဲ့ဝင် ၁၀၀၀၀ ခန့်သည် ၄င်းနိုင်ငံတောင်ပိုင်းဒေသ၌ အခြေစိုက်လျက်ရှိသည်။ (အင်တာနက်)

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

တောင်အာဖရိက၌ နျူကလီးယားစက်ရုံ တည်ဆောက်မည်

တောင်အာဖရိကနိုင်ငံတွင် ပထမဆုံး နျူကလီးယားစက်ရုံကို မကြာမီ တည်ဆောက်တော့မည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း စွမ်းအင်လိုချက်များပြားလာမှု ဖြေရှင်းနိုင်ရန်အတွက်ဖြစ်ကြောင်း တောင်အာဖရိက စွမ်းအင်အရာရှိများက ဇွန် ၃ရက်၌ ပြောကြားသည်။

စပိန်အနောက်တောင်ပိုင်း၌ အပူလှိုင်းကျရောက်

စပိန်နိုင်ငံအနောက်တောင်ပိုင်းဒေသများတွင် ဇွန် ၃ရက် နံနက်က အပူလှိုင်းကျရောက်ခဲ့ရာ အပူချိန် ၃၆ ဒီဂရီဆဲလ်စီးရပ်စ်အထိရှိခဲ့ကြောင်း၊ စပိန်နိုင်ငံ၏ နွေရာသီတွင် အပူချိန်အမြင့်ဆုံးစံချိန်ဖြစ်ကြောင်း၊ အမျိုးသမီးကြီးတစ်ဦး သေဆုံးခဲ့ကြောင်း စပိန်အရာရှိများက ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ အဆောက်အအုံပြိုကျ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ ဇွန် ၃ရက်က လေးထပ်အဆောက်အအုံ တစ်လုံး ပြိုကျခဲ့ရာ ၁၄ ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း ဒါကာမြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။ ***(အောက်ပုံ)***

ဩစတြေးလျတာတ်ပုံသတင်းထောက် အစ္စရေးတို့စစ်ဆေး

ပါလက်စတိုင်းရှိ ဂါဇာသို့သွားနေသည့် ဩစတြေးလျဓာတ်ပုံသတင်းထောက် တစ်ဦးအား ဇွန် ၃ရက်က အစ္စရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးစစ်ဆေးခဲ့ကြောင်း၊ ထိုသို့ စစ်ဆေးရာတွင် အကြမ်းဖက်နည်းများ အသုံးပြုခဲ့ကြောင်း ပါလက်စတိုင်း အရာရှိများက ပြောကြားသည်။

တရုတ်၌ ကာဗွန်သန့်စင်စက်ရုံ တည်ဆောက်မည်

တရုတ်နိုင်ငံ အတွင်းမွန်ဂိုလီးယားဒေသတွင် ယခုနှစ်ကုန်၌ ကာဗွန်သန့်စင်သည့် စက်ရုံကို ပထမဆုံးတည်ဆောက်မည်ဖြစ်ကြောင်း၊ ယင်းစက်ရုံကို ရှန်ဟွာအုပ်စုက တည်ဆောက်မည်ဖြစ်ပြီး တစ်နှစ်လျှင် ကာဗွန်တန် ၁၀၀၀၀၀ လေထုအတွင်းမှ လျှော့ချနိုင်မည်ဖြစ်ကြောင်း တရုတ်အရာရှိများက ဇွန် ၃ရက်၌ သတင်းထုတ်ပြန်သည်။

အိန္ဒိယတောင်ပိုင်း၌ ရဟတ်ယာဉ်ပျက်ကျ

အိန္ဒိယနိုင်ငံတောင်ပိုင်း အင်ဒရာပရာဒေ့ရှ်ပြည်နယ်ရှိ မြစ်တစ်မြစ်အတွင်းသို့ ဇွန် ၃ ရက်က အိန္ဒိယစစ်ဘက်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်ပေါ်၌ လိုက်ပါလာသူ တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယ လေတပ်အရာရှိများက ပြောကြားသည်။

ဂျာမနီအလယ်ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

ဂျာမနီနိုင်ငံအလယ်ပိုင်း ဂိုတင်ဟာန်မြို့တွင် ဇွန် ၃ရက်က ဒုတိယကမ္ဘာစစ် အတွင်းက ကျန်ရှိနေခဲ့သည့် ဗုံးတစ်လုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အရပ်သားခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဂျာမန်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

ပါပူဝါနယူးဂီနီ၌ အင်အားပြင်းငလျင်လှုပ်

ပါပူဝါနယူးဂီနီနိုင်ငံ ကန်ဒရင်မြို့ ကမ်းလွန်တွင် ဇွန် ၃ရက် နံနက်က ရစ်ချ်တာ စကေး ၆ ဒသမ ၂ အင်အားရှိ ငလျင်လှုပ်ခဲ့ကြောင်း၊ ထိခိုက်ပျက်စီးမှုမရှိကြောင်း၊ ဆူနာမီသတိပေးချက်ထုတ်ပြန်ခြင်းမရှိကြောင်း ပါပူဝါနယူးဂီနီနိုင်ငံ အရာရှိများက ပြောကြားသည်။

ဂါဇာကမ်းလွန်၌ ပရက်စ်တီဗွီသတင်းထောက်ပျောက်ဆုံးနေ

ထောက်ပံ့ရေးသင်္ဘောပေါ်တွင် လိုက်ပါလာသော ပရက်စ်တီဗွီသတင်းဌာနမှ သတင်းထောက်ဟက်ဆန်ဂါနီသည် အစ္စရေးကွန်မန်ဒိုများက သင်္ဘောကိုစီးနင်း တိုက်ခိုက်ခဲ့ပြီးနောက် ဂါဇာကမ်းလွန်၌ ပျောက်ဆုံးလျက်ရှိကြောင်း ပါလက်စတိုင်း အရာရှိများက ဇွန် ၃ရက်၌ ပြောကြားသည်။

အစ္စရေးတို့က ဆီးရီးယားလေးဦးအား ပြန်လွှတ်ပေး

အစ္စရေးတပ်ဖွဲ့ဝင်များ မကြာမီက ဖမ်းဆီးထားခဲ့သော ဆီးရီးယားနိုင်ငံသား လေးဦးအား ဇွန် ၃ ရက်၌ ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း အစ္စရေးတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

(အင်တာနက်)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် ပုသိမ်၌ကျင်းပ

ပုသိမ် ဇွန် ၃

၂၀၁၀ခုနှစ် ဧရာဝတီတိုင်း ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မေ ၃၁ရက် နံနက် ၉နာရီက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပသည်။

ဖတ်ကြား

ရှေးဦးစွာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဦးအေးကျော်က အဖွင့်အမှာစကား ပြောကြားပြီး **(အပေါ်ပုံ)** ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး၏ ၂၀၁၀ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာကို တိုင်းကျန်းမာရေးဦးစီးဌာနမှူးကိုယ်စား ဒုတိယတိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဖြူဖြူအေးက ဖတ်ကြားသည်။

ထို့နောက် ဒုတိယတိုင်းဥပဒေအရာရှိ ဦးခင်မောင်သိန်းက ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး ဥပဒေပါ အဓိကအကြောင်းအချက်များကို ရှင်းလင်းဆွေးနွေးပြီး တိုင်းအထွေထွေရောဂါကုဆေးရုံကြီးမှ စိတ်ရောဂါအထူးကု ဆရာဝန်ကြီး ဒေါက်တာစန်းစန်းလှက ဆေးလိပ်နှင့် ဆေးရွက်ကြီး ထွက်ပစ္စည်းများ၏ ဆိုးကျိုးများကို ဆွေးနွေးဟောပြောသည်။ ဆက်လက်၍ တက်ရောက်လာသူများက ကမ္ဘာ့ဆေးလိပ် မသောက်ရေးနေ့ အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရက်(၉၀) စပါး စံကွက်ရိတ်သိမ်းပွဲ စဉ့်ကိုင်၌ ကျင်းပ

စဉ့်ကိုင် ဇွန် ၃

မန္တလေးတိုင်း စဉ့်ကိုင်မြို့နယ်တွင် အောင်မြင်ဖြစ်ထွန်းနေသော ရက်(၉၀) စပါးနှင့် စံကွက်ရိတ်သိမ်းသရုပ်ပြပွဲ အခမ်းအနားကို မေ ၃၁ရက် နံနက် ၈နာရီက အုန်းပင်ခြံကျေးရွာ ကွင်းအမှတ်(၆၉)တောင်သူ ဦးထွန်းတင်၏ လယ်ကွက်၌ကျင်းပသည်။

သရုပ်ပြပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဇော်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး မန်နေဂျာဦးအောင်သိန်းက ပလတ်စတစ်ဆန်ခါပိုက်ဖြင့် ပျိုးထောင် စိုက်ပျိုးနည်း ရှုစ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အထက်မြန်မာပြည် မျိုးစေ့တာဝန်ခံ ဒေါ်ဝင်းဝင်းမြင့်က ရက်(၉၀) စပါးမျိုး၏ အရည်အချင်းများ၊ လက္ခဏာများကို ရှင်းလင်းပြောကြားပြီး ဒေသနှင့် ကိုက်ညီသော သက်ရင်အထွက်ကောင်းစပါးမျိုးများကို အားထားစိုက်ပျိုးသွားကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းများသည် အောင်မြင်ဖြစ်ထွန်းနေသော ရက်(၉၀)စပါး စံကွက်ကို လက်တွေ့သရုပ်ပြ ရိတ်သိမ်းခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြန်/ဆက်ဦးစီးဌာန စာဖတ်ပရိသတ်တိုးပွားရေး ဟောပြောဆွေးနွေး

ရန်ကုန် ဇွန် ၃

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးစာကြည့်တိုက်ခန်းမ၌ စာဖတ်ပရိသတ်တိုးပွားရေး၊ စာအုပ်လှူဒါန်းရေးနှင့် စာကြည့်တိုက်နှင့်ပတ်သက်၍ အကြံပြုချက်များရရှိရေး ရည်ရွယ်ချက် (၃)ရပ်ဖြင့် ကျင်းပသော ဟောပြောဆွေးနွေးပွဲ အခမ်းအနားကို မေ ၂၆ရက် မွန်းလွဲ ၂နာရီက ကျင်းပသည်။

ဆွေးနွေး

အဆိုပါ ဟောပြောပွဲတွင် ရည်ရွယ်ချက် (၃)ရပ်နှင့်ပတ်သက်၍ ခရိုင်ဦးစီးအရာရှိ ဦးတင်ကိုက အကျယ်တဝင့်ဟောပြောဆွေးနွေးရာ ဆွေးနွေးချက်များအပေါ် တက်ရောက်လာသူများထဲမှ ငါးဦးက ပြန်လည်ဆွေးနွေးပြီး စာကြည့်တိုက်အတွင်း ခင်းကျင်းပြသထားသော စာအုပ်များကို ခရိုင်ဦးစီးအရာရှိ ဦးတင်ကိုနှင့် မြို့နယ်ဦးစီးမှူး ဒေါ်လှလှမြေ တို့က ရှင်းလင်းပြသကြရာ **(အောက်ပုံ)** တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်လီမိတက် နှစ်ပတ်လည် အစည်းအဝေးတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီး ပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် ကင်ဆာဖော်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းက အလှူငွေ ကျပ်သိန်း ၃၀ ပေးအပ်လှူဒါန်းရာ နာယက ဗိုလ်မှူးချုပ်အေဘယ်လ်(ငြိမ်း)က လက်ခံယူစဉ်။ (ကင်ဆာဖော်ဒေးရှင်း)

ဖလမ်း၌ စီမံကိန်းတာဝန်ပေးအပ်

ဖလမ်း ဇွန် ၃

ဖလမ်းမြို့နယ်၏၂၀၁၀-၂၀၁၁ခုနှစ် နှစ်စဉ်စီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မေ ၂၇ရက် မွန်းလွဲ ၁ နာရီက ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရွှန်အင်းလျှံက ၂၀၀၉-၂၀၁၀ လျာထားချက်အပေါ် ဆောင်ရွက်နိုင်မှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက ၂၀၁၀-၂၀၁၁ ခုနှစ်အတွက် စီမံကိန်း ရည်မှန်းချက်တာဝန်ပေးအပ်လွှာများကို သက်ဆိုင်ရာဌာနများသို့ ပေးအပ်သည်။

(ခရိုင် ပြန်/ဆက်)

စာပေညီလာခံ အတွေ့အကြုံရှင်း

ကောလင်း ဇွန် ၃

ကောလင်းမြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့ကကြီးမှူး၍ ပဉ္စမအကြိမ်စာပေညီလာခံ အတွေ့အကြုံရှင်းလင်းပွဲကို မေ ၂၂ရက်က မြို့နယ်အဖွဲ့ရုံးခန်း၌ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)က ပဉ္စမအကြိမ် စာပေညီလာခံအတွေ့အကြုံများနှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏မိန့်ခွန်းများကို ရှင်းလင်းပြောကြားသည်။ **(၀၃၂)**

ပခုက္ကူ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ သောက်သုံးရေ ခက်ခဲသော ကျေးရွာများသို့ ရေဖြန့်ဝေပေးလျက်ရှိရာ မေ ၁၅ရက်က ပန်းတိုင်းခြုံ ကျေးရွာအုပ်စု မြောက်လူးကန်ကျေးရွာတွင် အဖွဲ့ပိုင် ရေသယ်ယာဉ်ဖြင့် ရေဖြန့်ဝေပေးခြင်းကို အင်ဂျင်နီယာမှူး ဦးဇော်မျိုးထွေးနှင့် အဖွဲ့ဝန်ထမ်းများ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

သောက်သုံးရေရရှိရေး

မိုးနဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကတ်နောက်ကျေးရွာအုပ်စု ဆည်မြောင်းကျေးရွာတွင် လက်တူးတွင်း တူးဖော်ခြင်း၊ ရေစုကန်တည်ဆောက်ပေးခြင်း၊ ရေမော်တာ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ရာ တာဝန်ခံအင်ဂျင်နီယာ ဦးခွန်မြင့်လွင်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဦးဆောင်သောအဖွဲ့နှင့် တရုတ်ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု စဉ်ဆက်မပြတ်တိုးမြှင့်ခိုင်မာရေး ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဦးဆောင်သောအဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တို့ နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၃

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် နေပြည်တော် ဇေယျာသီရိဗိမာန်၌ တွေ့ဆုံဆွေးနွေးသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီးဦးဇော်မင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်မြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဦးသိန်းဆွေ၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးလွန်းသီ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဦးလှထွန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဦးအောင်မင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဦးခင်အောင်မြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်နှင့် ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု စဉ်ဆက်မပြတ် တိုးမြှင့်ခိုင်မာရေး၊ သတ္တုကဏ္ဍ၊ ရထားပို့ဆောင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းများ တိုးချဲ့ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်အတွင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေး၍ အမြင်ချင်းဖလှယ်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲကို ဆက်လက်ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အပြန်အလှန်လဲလှယ်

ထို့နောက် နှစ်နိုင်ငံဝန်ကြီးများနှင့် တာဝန်ရှိသူများက စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ ရထားပို့ဆောင်ရေး၊ ကုန်သွယ်မှု၊ ရေအားလျှပ်စစ်၊ စွမ်းအင်နှင့် သတ္တုတူးဖော်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ဖွင့်လှစ်ပေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့သည် မြန်မာ-တရုတ် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်း စတင်ဖွင့်လှစ်ခြင်းအထိမ်းအမှတ် လျှပ်စစ်ဘောလုံးပေါ်တွင် လက်တင်၍ ဖွင့်လှစ်ပေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့ မြန်မာ-တရုတ် ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း စတင်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် လျှပ်စစ်ဘောလုံးပေါ်တွင် လက်တင်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့ မြန်မာ-တရုတ် နှစ်နိုင်ငံစီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ ရထားပို့ဆောင်ရေး၊ ကုန်သွယ်မှု၊ ရေအားလျှပ်စစ်၊ စွမ်းအင်နှင့် သတ္တုတူးဖော်ရေးဆိုင်ရာ သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ချီးမြှင့်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့ မြန်မာ-တရုတ် နှစ်နိုင်ငံစီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ ရထားပို့ဆောင်ရေး၊ ကုန်သွယ်မှု၊ ရေအားလျှပ်စစ်၊ စွမ်းအင်နှင့် သတ္တုတူးဖော်ရေးဆိုင်ရာ သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ချီးမြှင့်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့ မြန်မာ-တရုတ်နှစ်နိုင်ငံ စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ ရထားပို့ဆောင်ရေး၊ ကုန်သွယ်မှု၊ ရေအားလျှပ်စစ်၊ စွမ်းအင်နှင့် သတ္တုတူးဖော်ရေးဆိုင်ရာ သဘောတူစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ချီးမြှင့်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ညွှန့်သည်တော် ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ကြပြီး အဆောက်အအုံကမ္ပည်းကျောက်ပြားကို ဖွင့်လှစ်

နေပြည်တော် ဇွန် ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အထိမ်းအမှတ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဆောက်လုပ်လှူဒါန်းသည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (Myanmar International Convention Centre-MICC) အဆောက်အအုံကို ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အဆိုပါ MICC အဆောက်အအုံ၌ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ညွှန့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့ တက်ရောက်အားပေးချီးမြှင့်ကြပြီး အဆောက်အအုံ ကမ္ပည်းကျောက်ပြားကို ဖွင့်လှစ်ပေးကြသည်။

အဆိုပါအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ နေပြည်တော် မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ညွှန့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့် အတူလိုက်ပါလာသည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Anhui Foreign Economic Construction (Group) Co., Ltd.မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကြိုဆို

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ညွှန့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့သည် ညနေ ၃နာရီတွင် MICC အဆောက်အအုံသို့ ရောက်ရှိလာကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဦးသိန်းညွှန့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး တရုတ်အမျိုးသမီးငယ်နှစ်ဦးက ဂုဏ်ပြုပန်းစည်း ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် ညွှန့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့သည် MICC အဆောက်အအုံ ညွှန့်ကြိုခန်းမဆောင်၌ ကျင်းပသည့် အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်ကြသည်။

လက်မှတ်ရေးထိုး

အခမ်းအနားတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဦးသိန်းညွှန့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Chen Deming တို့က MICC အဆောက်အအုံ လွှဲပြောင်းပေးအပ်ခြင်းဆိုင်ရာ စာရွက်စာတမ်းများကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ညွှန့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်တို့က MICC အဆောက်အအုံ ကမ္ပည်းကျောက်ပြားကို ဖွင့်လှစ်ပေးကြပြီး အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နှစ်နိုင်ငံဝန်ကြီးချုပ်တို့သည် အဆောက်အအုံအတွင်းရှိ ညီလာခံခန်းမဆောင် (Plenary Hall) အတွင်း လှည့်လည်ကြည့်ရှုကြပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အဆိုပါ MICC အဆောက်အအုံကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Beijing Institute of Architectural Design (BIAD) က ပုံစံရေးဆွဲ၍ Anhui Foreign Economic Construction (Group) Co.,Ltd.က တာဝန်ယူတည်ဆောက်ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနအဆောက်အအုံ လွှဲပြောင်းပေးအပ်ခြင်းဆိုင်ရာ လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အဆောက်အအုံကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၅ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၀ ခုနှစ် မတ် ၁၅ရက်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ ၁၆ဧက အကျယ်အဝန်းရှိ မြေကွက်ပေါ်တွင် အဆောက်အအုံကို တည်ဆောက်ထားခြင်းဖြစ်ပြီး ကြမ်းခင်းဧရိယာမှာ ၃၁၂၀၀၀ စတုရန်းပေရှိသည်။

ညီလာခံခန်းမကြီး

အဆောက်အအုံ၏ ပင်မဆောင်တွင် လူဦးရေ ၁၉၀၀ ဆံ့ ညီလာခံခန်းမကြီး (Plenary Hall) ကို တည်ဆောက်ထားသည်။

အဆောက်အအုံ လက်ဝဲဆောင် မြေညီထပ်တွင် အရာရှိကြီးများ အစည်းအဝေး နားထောင်ခန်း (SOM Listening Room)၊ အရာရှိကြီးများနားနေခန်း (SOM Holding Room)၊ ကိုယ်စားလှယ်များ အစည်းအဝေး နားထောင်ခန်း (Delegates Listening Room) နှင့် ဆွေးနွေးခန်းများ ပါရှိပြီး ပထမထပ်တွင် အရေးကြီးပုဂ္ဂိုလ်များ ဆွေးနွေးခန်း (VIP Summit Room) နှင့် ဝန်ကြီးများ အစည်းအဝေးနားထောင်ခန်း (Minister Listening Room) တို့ ပါရှိသည်။

ထည့်သွင်းတည်ဆောက်

အဆောက်အအုံ လက်ယာဆောင် မြေညီထပ်တွင် လူဦးရေ ၃၀၆ ဦးဆံ့ သတင်းအချက်အလက်များ ဆွေးနွေးခန်း (News Briefing Room)နှင့် သတင်းရယူရေးဗဟိုဌာန (Media Center) တို့ ပါရှိပြီး ပထမထပ်တွင် လူ ၂၄၈ ဦးဆံ့ လက်မှတ်ရေးထိုးခန်း (Signing Room) နှင့် လူ ၇၂၀ ဆံ့ စားသောက်ခန်းမကြီး (Banquet Hall) တို့ကို ထည့်သွင်းတည်ဆောက်ထားသည်။

ညွှန့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညနေ ၃နာရီခွဲတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အဆောက်အအုံအတွင်းရှိ ညီလာခံခန်းမဆောင်အတွင်း တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု အထိမ်းအမှတ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဆောက်လုပ်လှူဒါန်းသည့် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အဆောက်အအုံကို တွေ့ရစဉ်။ (သတင်းစဉ်)

4-6 (07).pmd 1 6/4/2010, 3:26 AM

တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံအပေါ် စီးပွားရေးအကူအညီများ အစဉ်တစိုက် ကူညီပေးခဲ့

အကျိုးတူပူးပေါင်းဆောင်ရွက်မှုများအတွက် တရုတ်နိုင်ငံအစိုးရနဲ့ ပြည်သူများကို များစွာကျေ

နိုင်ငံတော်ဝန်ကြီးချုပ် ဦး

မြန်မာပြည်သူများရဲ့ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းမှာ အောင်မြင်မှု အဆက်မပြတ်ရရှိပါစေကြောင်း ဆု

မြန်မာပြည်သူတို့ရဲ့ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနဲ့ မိတ်ဖက်ကောင်းအဖြစ် အစဉ်ထာဝရ ရပ်တည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြ

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် ဂုဏ်ပြုမိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ သံတမန်ဆက်ဆံရေးထူထောင်သည့် နှစ် (၆၀)ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် ယဉ်ကျေးမှုပဒေသာကပွဲကို ယနေ့ မွန်းလွဲ ၁၂နာရီ ၄၅မိနစ်တွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်သဘင်ဆောင်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့ သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့သည် စင်မြင့်ပေါ်သို့ တက်ရောက်၍ နေရာယူကြသည်။

ထို့နောက် နိုင်ငံတော်တီးဝိုင်းက တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကြသည်။

ဂုဏ်ပြုမိန့်ခွန်းပြောကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က ဂုဏ်ပြုမိန့်ခွန်းပြောကြားရာတွင် **အဆွေတော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ တရုတ်ကိုယ်စားလှယ်အဖွဲ့ဝင်များနဲ့ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များ ခင်ဗျား-**

ပြုစုပျိုးထောင်

မြန်မာနိုင်ငံနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ဟာ ရှည်လျားတဲ့ ရေမြေတောတောင် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိပြီး ရှေးအစဉ်အဆက်ကပင် ချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်ဆံလာခဲ့ကြတဲ့ နိုင်ငံများဖြစ်ပါတယ်။ နှစ်နိုင်ငံအကြား တည်ရှိခဲ့တဲ့ ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးဟာ ရှေးအစဉ်အဆက် ခေါင်းဆောင်ကြီးများ အမြော်အမြင် ကြီးမားစွာဖြင့် ပြုစုပျိုးထောင်လာခဲ့ကြတာဖြစ်ပြီး ဒီအမွေအနှစ်တွေကို ကျွန်တော်တို့ မျိုးဆက်သစ်ခေါင်းဆောင်များက အားသစ်လောင်း တည်ဆောက်နေကြတာ ဖြစ်ပါတယ်။ ယနေ့ကျင်းပတဲ့ အခမ်းအနားဟာဆိုရင် မြန်မာနိုင်ငံနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်တဲ့ နှစ်(၆၀)ပြည့် အထိမ်းအမှတ် အခမ်းအနားပဲ ဖြစ်ပါတယ်။

အဆွေတော်ခင်ဗျား-

ကျွန်တော်တို့နှစ်နိုင်ငံ ဆက်ဆံရေးရဲ့ သမိုင်းကြောင်းကို ပြန်ကြည့်မယ်ဆိုရင် ၁၉၄၉ခုနှစ် အောက်တိုဘာလ ၁ရက်နေ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထူထောင်ရာမှာ မြန်မာနိုင်ငံဟာ အစောဆုံး အသိအမှတ်ပြုခဲ့တဲ့ နိုင်ငံများထဲက တစ်နိုင်ငံ ဖြစ်ပါတယ်။ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို ၁၉၅၀ခုနှစ် ဇွန်လ ၈ရက်နေ့မှာ တရားဝင် ထူထောင်ခဲ့တာ ဖြစ်တဲ့အတွက် ယခုနှစ်ဟာဆိုရင် နှစ်ပေါင်း (၆၀)ပြည့်မြောက်ပြီ ဖြစ်ပါတယ်။ ၁၉၅၄ခုနှစ် ဇွန်လအတွင်းမှာ တရုတ်ဝန်ကြီးချုပ် မစ္စတာ ချူအင်လိုင်း မြန်မာနိုင်ငံကို တရားဝင်ချစ်ကြည်ရေး အလည်အပတ်ခရီး လာရောက်ခဲ့ပြီး ခရီးစဉ်အတွင်း နိုင်ငံတကာဆက်ဆံရေးမှာ အခြေခံစံများအဖြစ် ကျင့်သုံးနိုင်တဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ချက်ကို နှစ်နိုင်ငံ ပူးတွဲကြေညာနိုင်ခဲ့ပါတယ်။

ကျွန်တော်တို့ နှစ်နိုင်ငံအကြား အစဉ်အဆက် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနိုင်တဲ့ ဝန်းကျင်အခြေအနေကို တည်ဆောက်နိုင်ခြင်းဟာ မြန်မာနိုင်ငံနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ အကြား စိတ်တူသဘောတူ ချမှတ်ခဲ့တဲ့ ဒီမူကြီး(၅)ချက်ကြောင့်ပင် ဖြစ်ပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံဟာ ဒီမူကြီး(၅)ချက်ကိုအခြေခံပြီး တစ်နိုင်ငံနဲ့တစ်နိုင်ငံ တန်းတူရည်တူရှိမှု၊ နားလည်မှု၊ အပြန်အလှန် ထောက်ခံမှုတို့အပေါ် အခြေခံပြီး မိတ်ဆွေကောင်းပီသစွာဖြင့် နိုင်ငံတကာမျက်နှာစာနဲ့ ဒေသတွင်းတို့မှာ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။ ဒါ့အပြင် နှစ်နိုင်ငံ ပြည်သူများအကြား စဉ်ဆက်မပြတ် ချစ်ကြည်ရင်းနှီးစွာဖြင့် ဆက်ဆံခဲ့ကြပါတယ်။ ခေတ်အဆက်ဆက် ပြောင်းလဲလာခဲ့တဲ့ အခြေအနေများနဲ့အညီ ဒီမူကြီး(၅)ချက်ဟာ ယနေ့ နိုင်ငံတကာဆက်ဆံရေးရဲ့ အခြေခံအုတ်မြစ်များအဖြစ် အားတက်ဖွယ်ရာ ဆက်လက်ခိုင်မာလျက်ရှိပါတယ်။ နှစ်နိုင်ငံအကြား ထားရှိခဲ့တဲ့ ချစ်ကြည်ရင်းနှီးမှု အစဉ်အလာကောင်းဟာ တစ်အူထုံ့ဆင်း ညီအစ်ကို ''ပေါက်ဖော်''ဆိုတဲ့ ရင်းနှီးမှုဆက်ဆံရေးကို ဖြစ်ထွန်းစေခဲ့ရှိခဲ့ပါတယ်။ ဒီလို ချစ်ကြည်ရင်းနှီးတဲ့ ''ပေါက်ဖော်''အသုံးအနှုန်းဟာ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့အကြား မှာသာ ဖြစ်ထွန်းတည်ရှိနေတာ ဖြစ်ပါတယ်။

ဆောင်ရွက်နိုင်ခဲ့

နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာ ညှိနှိုင်းတိုင်ပင်ရေး၊ အပြန်အလှန် နားလည်သဘောပေါက်ရေး၊ အပြန်အလှန် လိုက်လျောပေးရေးဆိုတဲ့ စိတ်ဓာတ်ကိုအရင်းခံပြီး နယ်နိမိတ်တိုင်းတာရေး ဆောင်ရွက်နိုင်ခဲ့ပြီး ၁၉၆၀ပြည့်နှစ် အောက်တိုဘာလ ၁ရက်နေ့မှာ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်နိမိတ်စာချုပ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှာ လက်မှတ်ရေးထိုး ချုပ်ဆိုနိုင်ခဲ့ကြပါတယ်။ ဒီလို ဆောင်ရွက်နိုင်ခဲ့ခြင်းမှာ နိုင်ငံအချင်းချင်း နယ်စပ်ကိစ္စရပ်များ ဆောင်ရွက်ရေးအတွက် စံနမူနာတစ်ခုအဖြစ် သတ်မှတ်နိုင်ခဲ့ပါတယ်။

တက်လှမ်းနိုင်ခဲ့ပြီ

၁၉၈၈ခုနှစ်မှာ တပ်မတော်ဟာ နိုင်ငံတော်ကို တာဝန်ယူပြီးနောက်ပိုင်းမှာလည်း မြန်မာနိုင်ငံအနေနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်တဲ့နေရာမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ မြန်မာနိုင်ငံနဲ့ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားရှိပြီး နှစ်နိုင်ငံအကြား စီးပွားရေးနဲ့နည်းပညာ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်ဆောင်ရွက်ခဲ့သလို ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုတွေမှာလည်း အရှိန်အဟုန်မြင့်မားလာခဲ့ပါတယ်။ ဒီပူးပေါင်းဆောင်ရွက်မှုတွေဟာ ပြီးခဲ့တဲ့ (၂၀)စုနှစ်အတွင်းမှာ အထူးသဖြင့် ရေနံနဲ့ သဘာဝဓာတ်ငွေ့၊ စွမ်းအင်၊ ရေအားလျှပ်စစ်၊ အခြေခံအဆောက်အအုံများ၊ စက်မှုနဲ့ စိုက်ပျိုးရေးကဏ္ဍများမှာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာခဲ့ပါတယ်။ ဒီလို နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ထွန်းလာခြင်းနဲ့အတူ နှစ်နိုင်ငံဆက်ဆံရေးဟာ မဟာဗျူဟာမြောက်ဆက်ဆံရေးသို့ တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အဆွေတော်ခင်ဗျား-

ကျွန်တော်တို့ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ဖွံ့ဖြိုးမှုမှာ အဓိကကျတဲ့ ဝိသေသလက္ခဏာ တစ်ရပ်ကတော့ နှစ်နိုင်ငံ ခေါင်းဆောင်များအကြား မကြာခဏ အပြန်အလှန် သွားလာလည်ပတ်မှုများပဲ ဖြစ်ပါတယ်။ နှစ်ပေါင်းများစွာအတွင်းမှာ မြန်မာ-တရုတ် နှစ်နိုင်ငံ ခေါင်းဆောင်များဟာ အပြန်အလှန် လည်ပတ်တွေ့ဆုံခဲ့ကြတဲ့ အစဉ်အလာကို တစ်လျှောက်လုံး ထိန်းသိမ်းခဲ့ကြပါတယ်။ ဒီလို နှစ်ဖက်ခေါင်းဆောင်များ အပြန်အလှန် လည်ပတ်ခြင်းဟာ မြန်မာ - တရုတ် နှစ်နိုင်ငံအကြား အစဉ်အလာကောင်းပြီး အိမ်နီးချင်းကောင်းပီသတဲ့ ချစ်ကြည်ရင်းနှီးမှု စဉ်ဆက်မပြတ် ဖွံ့ဖြိုးစေဖို့ ခိုင်မာတဲ့အခြေခံကောင်းတွေ ဖြစ်ပါတယ်။

အဆွေတော်ခင်ဗျား-

လာမယ့် ဇွန်လ ၈ရက်နေ့မှာ ကျရောက်မယ့် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်တဲ့ နှစ်(၆၀)ပြည့် အထိမ်းအမှတ်အဖြစ် လာရောက်တဲ့ အဆွေတော် ဝန်ကြီးချုပ်ရဲ့ ခရီးစဉ်ဟာလည်း နှစ်နိုင်ငံဆက်ဆံရေးသမိုင်းမှာ လွန်စွာထူးခြားတဲ့ ခရီးစဉ် ဖြစ်ပါ

...ဉ်တစိုက် ကူညီပေးခဲ့ ...ူများကို များစွာကျေးဇူးတင်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်

...ျှတ်ရရှိပါစေကြောင်း ဆုတောင်း အစဉ်ထာဝရ ရပ်တည်သွားမည်

...ီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်

အတွင်းမှာ အထူးသဖြင့် ရေနံနဲ့ သဘာဝဓာတ်ငွေ့၊ စွမ်းအင်၊ ရေအား လျှပ်စစ်၊ အခြေခံအဆောက်အအုံများ၊ စက်မှုနဲ့ စိုက်ပျိုးရေးကဏ္ဍများမှာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်လာခဲ့ပါတယ်။ ဒီလို နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ထွန်းလာခြင်းနဲ့ အတူ နှစ်နိုင်ငံဆက်ဆံရေးဟာ မဟာဗျူဟာမြောက်ဆက်ဆံရေးသို့ တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

အဆွေတော်ခင်ဗျား-

ကျွန်တော်တို့ နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ဖွံ့ဖြိုးမှုမှာ အဓိကကျတဲ့ ဝိသေသလက္ခဏာ တစ်ရပ်ကတော့ နှစ်နိုင်ငံ ခေါင်းဆောင်များအကြား မကြာခဏ အပြန်အလှန် သွားလာ လည်ပတ်မှုများပဲ ဖြစ်ပါတယ်။ နှစ်ပေါင်းများစွာအတွင်းမှာ မြန်မာ-တရုတ် နှစ်နိုင်ငံ ခေါင်းဆောင်များဟာ အပြန်အလှန် လည်ပတ်တွေ့ဆုံခဲ့ကြတဲ့ အစဉ်အလာကို တစ်လျှောက်လုံး ထိန်းသိမ်းခဲ့ကြပါတယ်။ ဒီလို နှစ်ဖက် ခေါင်းဆောင်များ အပြန်အလှန် လည်ပတ်ခြင်းဟာ မြန်မာ - တရုတ် နှစ်နိုင်ငံအကြား အစဉ်အလာကောင်းပြီး အိမ်နီးချင်းကောင်းပီသတဲ့ ချစ်ကြည်ရင်းနှီးမှု စဉ်ဆက်မပြတ် ဖွံ့ဖြိုးစေဖို့ ခိုင်မာတဲ့အခြေခံကောင်းတွေ ဖြစ်ပါတယ်။

အဆွေတော်ခင်ဗျား-

လာမယ့် ဇွန်လ ၈ရက်နေ့မှာ ကျရောက်မယ့် နှစ်နိုင်ငံသံတမန် ဆက်ဆံရေးထူထောင်တဲ့ နှစ်(၆၀)ပြည့် အထိမ်းအမှတ်အဖြစ် လာရောက်တဲ့ အဆွေတော် ဝန်ကြီးချုပ်ရဲ့ ခရီးစဉ်ဟာလည်း နှစ်နိုင်ငံဆက်ဆံရေးသမိုင်းမှာ လွန်စွာထူးခြားတဲ့ ခရီးစဉ် ဖြစ်ပါတယ်။ အဲ့ဒါအပြင် နှစ်နိုင်ငံ ခေါင်းဆောင်များအကြား သဝဏ်လွှာများ အပြန်အလှန် ပေးပို့ခြင်း၊ အထိမ်းအမှတ် တံဆိပ်ခေါင်းများ ထုတ်ဝေခြင်း၊ နှစ်ဖက်သံရုံးများမှာ အထိမ်းအမှတ်ညှိခံပွဲများ ကျင်းပခြင်း၊ ယဉ်ကျေးမှုကပွဲများ အပြန်အလှန် စေလွှတ်ခြင်းတို့ကို ဆောင်ရွက်နေကြပြီဖြစ်ပါတယ်။ ယခု အခမ်းအနားအပြီးမှာလည်း မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ရဲ့ အနုပညာရသမြောက်ပြီး အစဉ်အလာရှိတဲ့ ရိုးရာယဉ်ကျေးမှု ကပွဲများနဲ့ တင်ဆက်ဖျော်ဖြေတာကို ရှုစားရမှာ ဖြစ်ပါတယ်။

အရှိန်အဟုန်မြင့်မား

တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ ယခုအခါ နိုင်ငံရေးအရ တည်ငြိမ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် မြင့်မားနေတာကိုလည်း ဝမ်းမြောက်စွာ မြင်တွေ့ရပါတယ်။ ဒါ့ပြင် ကုလသမဂ္ဂ၊ နိုင်ငံတကာ မျက်နှာစာ၊ ဒေသတွင်းနဲ့ ကမ္ဘာလုံးဆိုင်ရာ ကိစ္စရပ်တွေမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အနေနဲ့ အရေးပါတဲ့ အခန်းကဏ္ဍမှ ပါဝင်နေတာကိုလည်း ဝမ်းမြောက်ဂုဏ်ယူစွာ တွေ့မြင်နေရပါတယ်။

အကျိုးတူပူးပေါင်း

တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံအပေါ် စီးပွားရေးအကူအညီများ အစဉ်တစိုက် ကူညီပေးခဲ့ပြီး အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခဲ့တဲ့အတွက် တရုတ်နိုင်ငံ အစိုးရနဲ့ ပြည်သူများကို မြန်မာနိုင်ငံ အစိုးရနဲ့ ပြည်သူများက များစွာ ကျေးဇူးတင်လျက် ရှိပါတယ်။ အဲဒီလို ကျွန်တော်တို့ နိုင်ငံအပေါ် နားလည်မှုရှိစွာနဲ့ ဆက်ဆံခဲ့တဲ့ အိမ်နီးချင်းကောင်းနိုင်ငံဖြစ်တဲ့အတွက် မြန်မာနိုင်ငံနဲ့ အစဉ်အဆက် ထားရှိခဲ့တဲ့ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးကို ယခုထက် ပိုမိုတိုးတက်ဖြစ်ထွန်းအောင် ဆက်လက်ပူးပေါင်း လက်တွဲဆောင်ရွက်နိုင်လိမ့်မယ်လို့ ယုံကြည်ပါကြောင်း ပြောကြားလိုပါတယ်။

အဆွေတော် ဝန်ကြီးချုပ်၊

တရုတ်ကိုယ်စားလှယ်အဖွဲ့ဝင်များနဲ့ ဧည့်သည်တော်များခင်ဗျား-

ပြည်ထောင်စုမြန်မာနိုင်ငံတော်နဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနဲ့ ပူးပေါင်းဆောင်ရွက်မှုများ ဆတက်ထမ်းပိုး ပိုမိုတိုးတက်ဖြစ်ထွန်းစေရန်အတွက်လည်းကောင်း၊ အဆွေတော် ဝန်ကြီးချုပ်နဲ့တကွ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစေရန်အတွက်လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပိုမိုဖွံ့ဖြိုးတိုးတက်စည်ပင် သာယာဝပြောစေရန်အတွက်လည်းကောင်း၊ တရုတ်ကိုယ်စားလှယ်အဖွဲ့ဝင်များနဲ့ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန်အတွက်လည်းကောင်း ဆုတောင်းမေတ္တာများ ပို့သအပ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ဟု ပြောကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဂုဏ်ပြုမိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

တရုတ်-မြန်မာ မိတ်ဆွေဖြစ်ဆက်ဆံမှုဟာ တရုတ်နဲ့မြန်မာ နှစ်နိုင်ငံ အဆက်ဆက်တို့ ကြိုးပမ်းပြီးရယူခဲ့တာဖြစ်တာမို့ ဆတက်ထမ်းပိုး တိုး၍ တန်ဖိုးထားရမှာ ဖြစ်ပါတယ်။ အဲဒီ နှစ်နိုင်ငံ မိတ်ဆွေဖြစ်ဆက်ဆံမှုကိုဆက်ခံပြီး တိုးပွားစေခြင်းဟာ တရုတ်နဲ့မြန်မာ နှစ်နိုင်ငံပြည်သူများရဲ့ တူညီတဲ့ဆန္ဒနဲ့ အရင်းခံစီးပွားနဲ့ ကိုက်ညီပါတယ်။ ဒါကြောင့် နှစ်နိုင်ငံပြည်သူတို့ရဲ့ ပြတ်ပြတ်သားသား ထောက်ခံမှုကို ရရှိလို့ နှစ်နိုင်ငံဆက်ဆံမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားကြီး အဖြစ်နဲ့ အစဉ်အမြဲ ရပ်တည်နေပါတယ်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ဂုဏ်ပြုမိန့်ခွန်း ပြောကြားရာတွင်-

လေးစားရပါသော ဝန်ကြီးချုပ် ဦးသိန်းစိန်၊

ကြွရောက်လာကြသော မိတ်ဆွေများ ခင်ဗျား-

မင်္ဂလာပါ။

ဝန်ကြီးချုပ် ဦးသိန်းစိန်ရဲ့ ဖိတ်ကြားချက်အရ တရုတ်-မြန်မာ နှစ်နိုင်ငံ သံအဆက်အသွယ် ထားရှိခဲ့တဲ့ အနှစ် (၆၀)ပြည့်နေ့ ကျရောက်လာတဲ့ အခါ သမယမှာ ပြည်ထောင်စုမြန်မာနိုင်ငံသို့ လာရောက် ခရီးလှည့်လည်ခွင့် ရရှိတဲ့အတွက် အလွန်ပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်။ ဦးစွာအားဖြင့် တရုတ်အစိုးရနဲ့ တရုတ်ပြည်သူတို့ ကိုယ်စား ကျွန်တော်က မြန်မာအစိုးရနဲ့ ပြည်သူတို့ကို ခင်မင်ရင်းနှီးစွာ နှုတ်ခွန်းဆက်သလိုက်ပြီး ဆုမွန်ကောင်းလည်း တောင်းလိုက်ပါတယ်။ မြန်မာအစိုးရနဲ့ ပြည်သူတို့က ကျွန်တော်နဲ့ ကျွန်တော့် ကိုယ်စားလှယ်အဖွဲ့ကို ခင်မင်ရင်းနှီးစွာဖြင့် လှိုက်လှိုက်လှဲလှဲ ဧည့်ဝတ်ပြုခဲ့တဲ့အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားပါရစေ။

တရုတ်နဲ့ မြန်မာနှစ်နိုင်ငံတို့ဟာ ရေမြေတောတောင်ချင်း ဆက်စပ်နေပြီး နှစ်နိုင်ငံပြည်သူတို့အကြား ဆက်ဆံမှုဟာ သမိုင်းသက်တမ်း နှစ်ပေါင်း တစ်ထောင်ကျော်ရှိပြီ ဖြစ်ပါတယ်။ မြန်မာပြည်သူများက တရုတ်ပြည်သူများကို (ပေါက်ဖော်)လို့ ခင်မင်ရင်းနှီးစွာ ခေါ်ဆိုလေ့ရှိပါတယ်။ အလားတူ အတိတ်က တရုတ်မာရှယ်ချင်ယိက လည်း (ကိုယ်က မြစ်အညာမှာ သင်က မြစ်အကြေမှာ ခင်မင်ရင်းနှီးစွာပဲ တစ်မြစ်ရေ သောက်ကြတာ---)လို့ ကဗျာရေးဖွဲ့ခဲ့ဖူးပါတယ်။ ဒါတွေဟာ နှစ်နိုင်ငံ ပြည်သူတို့အကြားမှာ လေးနက်တဲ့ ချစ်ကြည်မှုထားရှိတာကို အခိုင်အမာ ဖော်ပြနေပါတယ်။

ခေတ်သစ်မှာဆိုရင် တရုတ်နဲ့ မြန်မာ နှစ်နိုင်ငံပြည်သူတို့ဟာ ပြင်ပမှ ကျူးကျော်မှု ခုခံဆန့်ကျင်ရေးနဲ့ အမျိုးသားလွတ်လပ်ရေးနဲ့ လွတ်မြောက်ရေးတိုက်ပွဲများမှာ တစ်ဦးကိုတစ်ဦး စာနာထောက်ခံခဲ့ကြပါတယ်။ မြန်မာနိုင်ငံဟာ တရုတ်ပြည်ကို အရင်ဆုံး အသိအမှတ်ပြုတဲ့ နိုင်ငံများအနက် တစ်ခု အပါအဝင် ဖြစ်ပါတယ်။ နယ်ချဲ့ဝါဒီများရဲ့ တရုတ်ပြည်အပေါ် ကုန်စည်ပို့ဆောင်မှု တားမြစ်ပိတ်ပင်မှုကြားမှာ တရုတ်ပြည်သို့ ကြက်ပေါင်စေးတင်ပို့တဲ့ ပထမဆုံးနိုင်ငံ ဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ အာရှတိုက်က နိုင်ငံများထဲက ပထမဆုံး တရုတ်ပြည်နဲ့ ချစ်ကြည်ရေးနဲ့ တစ်ဦးကိုတစ်ဦး မကျူးကျော်ရေးစာချုပ် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့တဲ့ နိုင်ငံဖြစ်ပါတယ်။ နောက်ပြီး မြန်မာနိုင်ငံဟာ သမိုင်းက ကျန်ရစ်ခဲ့တဲ့ နယ်နိမိတ်ပြဿနာကို တရုတ်ပြည်နဲ့ ချစ်ကြည်စွာ ညှိနှိုင်းဆောင်ရွက်တဲ့နည်းလမ်းနဲ့ ကိုင်တွယ်ဖြေရှင်းခဲ့တဲ့ ပထမဆုံးနိုင်ငံလည်း ဖြစ်ပါတယ်။ **တရုတ်နဲ့ မြန်မာနိုင်ငံတို့ အတူအဆိုပြုခဲ့ကြတဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်ဟာ ပြည်ထောင်ချင်း ဆက်ဆံတဲ့ စံထုံးအဖြစ် နိုင်ငံတကာမိသားစုကြီးရဲ့ အသိအမှတ်ပြုခြင်းကို ခံရပါတယ်။ အနှစ် (၆၀)တာကာလအတွင်း တရုတ်နဲ့ မြန်မာနိုင်ငံ အိမ်နီးချင်းကောင်း မိတ်ဆွေဖြစ် ပူးပေါင်းဆောင်ရွက်ရေး ဆက်ဆံမှုဟာ နိုင်ငံတကာ လှိုင်းလေပြောင်းလဲမှုများရဲ့ မှတ်ကျောက်တင်မှုကို ခံရပြီး ရှင်သန်လာခဲ့ပါတယ်။** ၂၁-ရာစုနှစ်သို့ ကူးပြောင်းခဲ့တဲ့ နောက်မှာ နှစ်နိုင်ငံ နယ်ပယ်အသီးသီးမှ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများဟာအရှိန်အဟုန်နဲ့ တိုးတက်လာတာကို တွေ့ရပါတယ်။ ကုန်သွယ်မှုပမာဏဟာ ၂၀၀၀ပြည့်နှစ်က ဒေါ်လာ သန်း ၆၂၀ရှိရာမှ ၂၀၀၉ခုနှစ်က ဒေါ်လာ သန်း ၂၉၆၀အထိ တိုးလာခဲ့ပါတယ်။ ငါးဆခန့် တိုးလာခဲ့တာဖြစ်ပါတယ်။ နှစ်ဦးနှစ်ဖက်တို့ဟာ နိုင်ငံတကာနဲ့ ဒေသရေးရာများမှာလည်း ကောင်းမွန်စွာ လိုက်ဖက်ညီညီနဲ့ ညှိနှိုင်းလုပ်ဆောင်လျက်ရှိပါတယ်။ တစ်ဦးရဲ့ အရေးကြီးတဲ့ အကျိုးစီးပွားနဲ့ ပတ်သက်တဲ့ ပြဿနာနဲ့ ပတ်သက်လာရင်လည်း တစ်ဦးကိုတစ်ဦး ပြတ်ပြတ်သားသား ထောက်ခံလာခဲ့ကြပါတယ်။

မိတ်ဆွေများခင်ဗျား-

အခုလိုအခါမျိုးမှာ အတိတ်ကို ပြန်လည် မျှော်မှန်းကြည့်မယ်ဆိုရင်၊ **တရုတ်-မြန်မာ မိတ်ဆွေဖြစ်ဆက်ဆံမှုဟာ တရုတ်နဲ့မြန်မာ နှစ်နိုင်ငံ အဆက်ဆက်တို့ ကြိုးပမ်းပြီးရယူခဲ့တာဖြစ်တာမို့ ဆတက်ထမ်းပိုး တိုး၍ တန်ဖိုးထားရမှာ ဖြစ်ပါတယ်။ အဲဒီ နှစ်နိုင်ငံ မိတ်ဆွေဖြစ်ဆက်ဆံမှုကို ဆက်ခံပြီး တိုးပွားစေခြင်းဟာ တရုတ်နဲ့ မြန်မာ နှစ်နိုင်ငံပြည်သူများရဲ့ တူညီတဲ့ဆန္ဒနဲ့ အရင်းခံစီးပွားနဲ့ ကိုက်ညီပါတယ်။ ဒါကြောင့် နှစ်နိုင်ငံပြည်သူတို့ရဲ့ ပြတ်ပြတ်သားသား ထောက်ခံမှုကိုရရှိလို့ နှစ်နိုင်ငံဆက်ဆံမှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားကြီး အဖြစ်နဲ့ အစဉ်အမြဲ ရပ်တည်နေပါတယ်။**

လက်မှတ်ရေးထိုးချုပ်ဆို

တရုတ်-မြန်မာ အိမ်နီးချင်းကောင်း မိတ်ဆွေဖြစ်ဆက်ဆံမှုကို ဖွံ့ဖြိုးတိုးတက်စေရေးဟာ တရုတ်အစိုးရ အစဉ်တစိုက် စွဲကိုင်ထားတဲ့ မူဝါဒဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ဒီအကြိမ်ခရီးမှာ မြန်မာနိုင်ငံ ခေါင်းဆောင်များနဲ့ ဆွေးနွေးပွဲ ပြုလုပ်ခဲ့ရာမှာ အကျိုးရလဒ်များစွာ ရရှိပြီး ကျယ်ကျယ်ပြန့်ပြန့် အမြင်တူညီမှု ရရှိခဲ့ပါတယ်။ နှစ်ဦးနှစ်ဖက်တို့ဟာ အရေးကြီးတဲ့ စာချုပ်များလည်း လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြပါတယ်။ တရုတ်-မြန်မာ ဆက်ဆံမှုဟာ သမိုင်း အခန်းသစ်ကို အစပျိုးခဲ့ပြီဖြစ်သလို သာယာတဲ့ အနာဂတ်ရှိမှာ သေချာပါတယ်။

မိတ်ဆွေများခင်ဗျား-

မြန်မာနိုင်ငံဟာ သမိုင်းသက်တမ်း ရှည်ကြာတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ ကာလရှည်ကြာအတွင်းမှာ လုံ့လ ဝီရိယနဲ့ ဉာဏ်ပညာနဲ့ ပြည့်စုံတဲ့ မြန်မာပြည်သူတို့ဟာ ထွန်းပြောင်တဲ့ အမျိုးသားယဉ်ကျေးမှုကို တည်ဆောက်ခဲ့ကြပါတယ်။ ရွှေတိဂုံဘုရားနဲ့ ပုဂံ ရှေးဟောင်းစေတီပုထိုးများဟာ ကမ္ဘာမှာ ထင်ပေါ်ကျော်ကြား လူသိများပါတယ်။ မကြာခင် နှစ်များအတွင်းက မြန်မာနိုင်ငံဟာ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းနဲ့ နိုင်ငံခြားနဲ့ကူးလူးဆက်ဆံမှု ဘက်မှာ တက်ကြွဖွယ်ရာ အောင်မြင်မှုများ ရရှိခဲ့ပါတယ်။ ဒီအတွက် ကျွန်တော်တို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်။ မြန်မာပြည်သူများရဲ့ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းမှာ အောင်မြင်မှု အဆက်မပြတ် ရရှိပါစေလို့ ဆုတောင်းလိုက်ပါတယ်။ တရုတ်ပြည်သူများက မြန်မာပြည်သူတို့ရဲ့ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနဲ့ မိတ်ဖက်ကောင်းအဖြစ် အစဉ်ထာဝရ ရပ်တည်သွားမှာဖြစ်ပါတယ်။ တရုတ်နဲ့ မြန်မာ ဆက်ဆံမှုဟာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်ကို အခြေခံပြီး အဆက်မပြတ် ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သလို တရုတ်နဲ့ မြန်မာ နှစ်နိုင်ငံပြည်သူတို့ရဲ့ နှလုံးသားမှာ ပေါက်ဖွားလာတဲ့ ဆွေမျိုးပေါက်ဖော် ချစ်ကြည်မှုဟာလည်း အဆက်ဆက်တိုင် ရှင်သန်တည်မြဲနေလိမ့်မည်လို့ ကျွန်တော် အခိုင်အမာ ယုံကြည်ထားပါတယ်။

ကျေးဇူးတင်ပါတယ် ဟု ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ် ယဉ်ကျေးမှုပဒေသာကပွဲကို ကျင်းပရာ မြန်မာအနုပညာရှင်များက ပျော်ရွှင်မြူးကြွား ပခန်းမြို့စား ယိမ်းအက၊ နဝရတ်ကိုးသွယ် လှမျိုးခြယ် အက၊ ဇော်ယိမ်းအကနှင့် ရွှေလီမြစ်ရိုးမှ သွေးချင်းများအကတို့ဖြင့် လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျွမ်းဘားပညာ သင်ကြားခဲ့သော မြန်မာလူငယ်လေးများက ကျွမ်းဘားစွမ်းရည်ပြသခြင်းဖြင့် လည်းကောင်း၊ တရုတ်အနုပညာရှင်များက လက်တွဲကာ ပို၍လေးနက်လာသည့် ချစ်ကြည်မှုအက၊ ရွှေမန်းမာလာ (မြန်မာသီချင်း)၊ ဝေဝေဆာဆာ ပွင့်လန်းလာသည့် တောပန်း (ကျွမ်းဘားအက)နှင့် တိမ်ညွန့်စီးနင်းခြင်းအကတို့ဖြင့် လည်းကောင်း၊ မြန်မာ-တရုတ် နှစ်နိုင်ငံ အနုပညာရှင်များ ပူးပေါင်း၍ တစ်မြစ်တွင်းရေ တူလေသောက်သုံး (တရုတ်သီချင်း)ဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့သည် မြန်မာ-တရုတ် နှစ်နိုင်ငံ အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ နှစ်နိုင်ငံ အနုပညာရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ်(၆၀)ပြည့် အထိမ်းအမှတ် ယဉ်ကျေးမှု ပဒေသာကပွဲကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် ဇွန် ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နေပြည်တော်သို့ ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ ညနေ ၄နာရီခွဲတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်မျိုးမင်း၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပို့ဆောင်နှုတ်ဆက်

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သောချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၅နာရီတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးအောင်ကို၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးသိန်းလွင်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် သံရုံးမှတာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ယာပုံ)** **(သတင်းစဉ်)**

နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ

နေပြည်တော် ဇွန် ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၇နာရီ မိနစ် ၅၀တွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ နေပြည်တော်သို့ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့အား နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဦးသိန်းညွန့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဇွန် ၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားသည့် အဖွဲ့များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ကမန်အမျိုးသားတိုးတက်ရေးပါတီသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ခုနှစ် ဇွန် ၃ရက်တွင် နိုင်ငံရေးပါတီအဖြစ် တည်ထောင်ခွင့်ပြုလိုက်သည်။

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့်လျှောက်ထားသည့် ပါတီ (၄၂)ပါတီရှိပြီး နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ (၃၂)ပါတီအနက် ပါတီ (၂၉)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်နု ကယားပြည်နယ်၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များနှင့်တွေ့ဆုံ

ရန်ကုန် ဇွန် ၃

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်နုနှင့် ကယားပြည်နယ်၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲ အခမ်းအနားကို မေ ၁၈ရက် နံနက် ၉နာရီက ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်နုက ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားသော ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်မှုများကို အသေးစိတ်ရှင်းလင်း ဆွေးနွေးသည်။

ထို့နောက် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များနှင့် တစ်ဦးချင်း မိတ်ဆက်ပေးပြီး ကယားပြည်နယ် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီက ကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြ၍ သိရှိလိုသည့် မေးမြန်းချက်များကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်နုက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

အမှာစကားပြောကြား

ကယားပြည်နယ်၊ ခရိုင်၊ မြို့နယ် ကော်မရှင် အဖွဲ့ခွဲဝင်များ၏ ရွေးကောက်ပွဲ ဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁၉ရက် နံနက် ၁၀နာရီက လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်နုက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကားဒီးယိုက လုပ်ငန်း ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

တက်ရောက်

အဆိုပါ သင်တန်းတွင် ဥပဒေ၊ နည်း ဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များကို ပြည်နယ်ကော်မရှင် အဖွဲ့ခွဲဝင်များက သင်ကြားပို့ချ၍ သင်တန်းကာလမှာ သုံးရက်ကြာမြင့်ခဲ့ပြီး သင်တန်းတွင် ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာကော်မရှင် အဖွဲ့ခွဲဝင် စုစုပေါင်းသင်တန်းသား ၉၇ဦး တက်ရောက်ခဲ့ကြသည်။

ကျင်းပ

ကယားပြည်နယ် ကော်မရှင်အဖွဲ့ ခွဲရုံး ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို မေ ၂၄ရက် နံနက် ၉နာရီက လွိုင်ကော်မြို့ နောင်ယား(ခ)ရပ်ကွက်ရှိ ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနဝင်း အတွင်း အဆိုပါရုံးရှေ့၌ ကျင်းပသည်။

ကြည့်ရှုစစ်ဆေး

အဆိုပါ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲရုံး ဆိုင်းဘုတ်ကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်နုက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး လွိုင်ကော် ခရိုင် ကော်မရှင်အဖွဲ့ခွဲရုံး ဆိုင်းဘုတ်ကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်နုနှင့် ခရိုင်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်ဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကာ ရုံးခန်းဖွဲ့စည်းမှုနှင့် ပြင်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၆-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော် +အာဋာနာဋိယသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ **သီလ၏အကျိုးအပြစ်နှင့် ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်** တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
- ၆း၅၀ ဖူးမြော်မဝပြီ ဖိုးဦးတောင်စေတီ
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ MRTV-4 ကာတွန်းအစီအစဉ်
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၆)
- ၈း၃၀ Sports World (Contender Algeria, Honduras, Paraguy)
- ၈း၅၅ အလှဖွဲ့ဆင်ဖန်တီးရှင်အတွက် အမှတ်တရ
- ၉း၁၅ ကုသိုလ်ယူကာ… သဒ္ဓါပွားမြတ်သောအလှူဒါနများ
- ၉း၃၅ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း)
- ၁၀း၃၅ တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်း)
- ၁၀း၄၅ ခလေ့ရိုးရာရှမ်းရွာလေးများ
- ၁၀း၅၅ VJ Choice
- ၁၁း၂၅ ဆင်စွယ်ပန်းပုအခြေပြု လူ့လောကကို အလှဆင်မည်
- ၁၁း၅၀ ဒို့တိုင်းဌာနီ ဧရာဝတီ (ဖြစ်ထွန်းအောင်မြင် ဧရာဝတီရဲ့သီးနှံပင်)
- ၁၂း၀၀ သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ(ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်)
- ၁၂း၁၅ ရန်ကုန်မြင်ကွင်းကျယ် (MCC Center မှနွေရာသီရင်သွေးငယ်များအတွက် ကွန်ပျူတာသင်တန်းဆင်းပွဲနှင့် ပျော်ပွဲရွှင်ပွဲ)
- ၁၂း၄၀ ကျိုက်မော်ဝန်းမှာပါဝင်နွဲ့ပျော် ဆွမ်းသပိတ်မျှောပွဲတော်
- ၁း၀၀ **သီလ၏အကျိုးအပြစ်နှင့် ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်** တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ သူတို့ပြောတဲ့ သူတို့အကြောင်း ဟာသသရုပ်ဆောင် မန်းဝင်းနှင့် တွေ့ဆုံခြင်း (အပိုင်း-၁)
- ၃း၁၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၃း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၆)
- ၄း၀၅ ကျိုက်မော်ဝန်းမှာပါဝင်နွဲ့ပျော် ဆွမ်းသပိတ်မျှောပွဲတော်
- ၄း၂၅ တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်း)
- ၄း၄၀ မြန်မာ့ရွှေချည်ထိုးလုပ်ငန်း
- ၄း၅၅ ကုသိုလ်ယူကာ… သဒ္ဓါပွားမြတ်သောအလှူဒါနများ
- ၅း၁၅ World of Knowledge (Ultimate Disaster Earthquake)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ဒို့တိုင်းဌာနီ ဧရာဝတီ (ဖြစ်ထွန်းအောင်မြင် ဧရာဝတီရဲ့သီးနှံပင်)
- ၆း၃၀ လှပသစ်ဆန်းအလှပြင်ခန်း (Siam Spa)
- ၆း၄၅ ရွှေမင်းသား Foundation(မြန်မာ) ၏မသန်စွမ်းသူများအတွက် Barrier Free
- ၇း၁၅ မြန်မာ့ရွှေချည်ထိုးလုပ်ငန်း
- ၇း၂၅ FMF Selection
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ VJ Choice
- ၉း၀၀ သူတို့ပြောတဲ့ သူတို့အကြောင်း ဟာသသရုပ်ဆောင် မန်းဝင်းနှင့် တွေ့ဆုံခြင်း (အပိုင်း-၁)
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၆)
- ၁၀း၀၀ အလှဖွဲ့ဆင်ဖန်တီးရှင်အတွက် အမှတ်တရ
- ၁၀း၂၅ ရန်ကုန်မြင်ကွင်းကျယ် (MCC Center မှနွေရာသီရင်သွေးငယ်များအတွက် ကွန်ပျူတာသင်တန်းဆင်းပွဲနှင့် ပျော်ပွဲရွှင်ပွဲ)
- ၁၀း၄၀ ရွှေမင်းသား Foundation(မြန်မာ) ၏မသန်စွမ်းသူများအတွက် Barrier Free
- ၁၁း၁၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၁း၂၅ **နတ်လူသာခုခေါ်စေသော်ဝ်** ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးစော (ဒါရိုက်တာ-သော်ကိုကိုကျော်)
- ၁၁း၄၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၁း၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြောက်ပိုင်းဒေသများ၌ မိုးထစ်ချုန်းနိုင်

ရန်ကုန် ဇွန် ၃

ယနေ့နံနက်၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ သံတွဲမြို့နှင့် ဘားအံမြို့တို့တွင် ၂ဒသမ ၀၅လက်မစီ၊ ချောင်းဆုံမြို့တွင် ၂ဒသမ ၀၁လက်မ၊ သထုံမြို့တွင် ၁ဒသမ ၈၉လက်မ၊ မုဒုံမြို့တွင် ၁ဒသမ ၄၆လက်မနှင့် ကျိုက်မရောမြို့တွင် ၁ဒသမ ၂၉လက်မ တို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေအားနည်းနေသည်။

ဇွန် ၄ရက်ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင်နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများဖြစ်ပေါ်နိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

တိုင်းမှူးဗိုလ်ချုပ်မြင့်စိုး ကျောင်းအပ်နှံရေးနေ့အခမ်းအနားတက်ရောက်

နေပြည်တော် ဇွန် ၃

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၃၁ရက်က စစ်ကိုင်းတိုင်း မုံရွာမြို့ မြို့တော်ခန်းမ၌ကျင်းပသော စစ်ကိုင်းတိုင်း ကျောင်းအပ်နှံရေးနေ့အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်လှစ်

အစီအစဉ်အရ စစ်ကိုင်းတိုင်းရဲတပ်ဖွဲ့မှူးနှင့် တိုင်းပညာရေးမှူးတို့က စစ်ကိုင်းတိုင်း ကျောင်းအပ်နှံရေးနေ့ အခမ်းအနားဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။ ထို့နောက် မြို့တော်ခန်းမအတွင်း၌ကျင်းပသော ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရာ အစီအစဉ်အရ ကျောင်းသားကျောင်းသူများက မြန်မာ့ကျောင်းသီချင်း သီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး တိုင်းပညာရေးမှူးက ၂၀၁၀-၂၀၁၁ ပညာသင်နှစ် စစ်ကိုင်းတိုင်းအတွင်း ကျောင်းသား ကျောင်းသူများ၏ ကျောင်းအပ်နှံမှု အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများ အတွက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အလှူငွေနှင့် ဗလာစာအုပ်များကို တိုင်းမှူး**(ယာဗုံ)**က ပေးအပ်လှူဒါန်းရာ တိုင်းပညာရေးမှူးနှင့် ခရိုင်ပညာရေးမှူးတို့က လက်ခံယူကြသည်။ ဆက်လက်၍ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ **(သတင်းစဉ်)**

မြောင်းမြခရိုင် သီးနှံအထွက်တိုးရေး နည်းပညာပေးဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၃

ဧရာဝတီတိုင်း မြောင်းမြခရိုင် သီးနှံအထွက်တိုးရေးနည်းပညာပေးဆွေးနွေးပွဲကို မေ ၁၁ရက်က မြောင်းမြမြို့ရှိ မြောင်းမြခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းရုံး၌ ကျင်းပရာ မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မမြို့နယ်တို့မှ မြို့နယ်မန်နေဂျာ၊ ဒုတိယမန်နေဂျာနှင့် ကွင်းဝန်ထမ်းများ တက်ရောက်ကြသည်။

သင်ကြားပို့ချ

ဆွေးနွေးပွဲတွင် တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးမြင့်သိန်း၊ မြောင်းမြခရိုင်ဥက္ကဋ္ဌ ဦးအောင်မြင့်၊ ခရိုင်ရဲမှူးဦးဌေးအောင်၊ ခရိုင်အတွင်းရေးမှူး ဦးမြင့်ဌေး၊ ခရိုင်စိုက်ပျိုးရေး မန်နေဂျာ ဦးစိုင်းကြာအုံတို့က ဆွေးနွေးမှာကြားကြပြီး တိုင်းမျိုးစေ့၊ ပိုးမွှားရောဂါ၊ မြေအသုံးချရေးတာဝန်ခံနှင့် မြောင်းမြဗဟိုခြံတာဝန်ခံတို့က သီးနှံအထွက်တိုးရေးအတွက် သင်ကြားပို့ချခဲ့ကြသည်။ **(သတင်းစဉ်)**

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း တာချီလိတ်၌ဖွင့်

တာချီလိတ် ဇွန် ၃

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်ပညာဘဏ်တိုက် စာကြည့်တိုက်တွင် စာကြည့်တိုက်မှ အသိပညာဗဟုသုတ ရှာဖွေရေးအစီအစဉ်နှင့် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ဖွင့်ပွဲကို မေ ၁၀ ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက်တွင်ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားသို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်ကြည်နှင့် ဝန်ထမ်းများ၊ မယ်ခေါင်ရပ်ကွက်ဥက္ကဋ္ဌဦးစိုင်းအွတ်နှင့် အဖွဲ့ဝင်များ၊ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးယောနနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်လူငယ်သင်တန်းသားများ တက်ရောက်ကြသည်။ အစီအစဉ်အရ ခရိုင်ဦးစီးအရာရှိ ဦးမောင်ကြည်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ (ဝဲပုံ)

(ခရိုင် ပြန်/ဆက်)

စားဖိုမှူးကြက်သားမှုန့်များ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိ

ရန်ကုန် ဇွန် ၃

အိမ်ရှင်မတိုင်းအတွက် ဆောင်ထားသင့်သော စားဖိုမှူးကြက်သားမှုန့်ကို ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် အိမ်ရှင်မများ ဝယ်ယူရရှိနိုင်အောင် ပန်းတိုင်စားသောက်ကုန်လုပ်ငန်းက ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း သိရသည်။

အသုံးပြုနိုင်

စားဖိုမှူးကြက်သားမှုန့်သည် သဘာဝပစ္စည်းများဖြင့် အထူးစီမံထုတ်လုပ်ထားပြီး နေ့စဉ် ကြော်လှော်၊ ချက်ပြုတ်၊ လက်သုပ်စသည့် ဟင်းလျာစားဖွယ်ရာများနှင့် တရုတ်ဟင်းလျာများတွင် အသုံးပြုနိုင်ရုံသာမက ကြက်သားအရသာခံစားလိုသည့် စားသောက်ဖွယ်ရာတိုင်းတွင် ထည့်သွင်းသုံးစွဲနိုင်ကြောင်း၊ ဟင်းချိုသောက်သုံးလိုသူများအတွက် ရေနွေးပူပူတွင် စားဖိုမှူးကြက်သားမှုန့် ဟင်းစားဇွန်းတစ်ဇွန်းထည့်ကာ ကြက်သွန်မြိတ်နှင့် ငရုတ်သီးစိမ်းအုပ်ပြီး သောက်သုံးခါနီးတွင် သံပရာရည်အနည်းငယ်ညှစ်ထည့်ရုံဖြင့် အရသာကောင်းမွန်သော ဟင်းချိုတစ်ခွက်အဖြစ် အသုံးပြုနိုင်ကြောင်း သိရသည်။

ထုတ်လုပ်ထား

စားဖိုမှူးကြက်သားမှုန့်ကို စားသုံးခြင်းကြောင့် ရင်ပူခြင်း၊ ရေငတ်ခြင်း၊ မျက်နှာနီမြန်းခြင်းနှင့် ကိုယ်လက်မအီမသာဖြစ်ခြင်းစသည့်ဘေးဥပဒ်များ လုံးဝခံစားရခြင်း မဖြစ်သည့်အပြင် မြန်မာနိုင်ငံ အစားအသောက် ကြီးကြပ်ကွပ်ကဲရေးဌာန၏ စစ်ဆေးမှုခံယူကာ ကောင်းမွန်သော ထုတ်လုပ်မှုနည်းစဉ်များဖြင့် ထုတ်လုပ်ထားကြောင်း သိရသည်။

ဆက်သွယ်နိုင်

အဆိုပါ စားဖိုမှူးကြက်သားမှုန့်များ **(အောက်ပုံ)** ကို စူပါမားကတ်များ၊ အမြို့မြို့ရှိ စတိုးဆိုင်များတွင် ဝယ်ယူရရှိနိုင်သည့်အပြင် နယ်ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်လိုသူများ ပန်းတိုင်စားသောက်ကုန်လုပ်ငန်း (Goal Food Industrial Private Ltd.)၊ အမှတ် ၂၉၂၄-၂၉၂၅ စက်မှုပတ်လမ်း၊ ၆၃-ရပ်ကွက် စက်မှုဇုန် (၂) ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၇၃၀၀၉၁၃စနှင့် ၀၁-၅၉၄၄၉၇ တို့သို့ ဆက်သွယ်နိုင်သည်။ **(သတင်းစဉ်)**

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ်လူသစ် ဘဝသစ်

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ပြည်မြို့၌ကျင်းပ

ပြည် ဇွန် ၃

၂၀၁၀ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို မေ ၃၁ရက် နံနက် ၉ နာရီက ပဲခူးတိုင်း (အနောက်ပိုင်း)တိုင်းခွဲ ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။ ပဲခူးတိုင်း(အနောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် (၁) ရဲမှူးကြီးစန်းလွင်က အဖွင့်အမှာစကား ပြောကြားသည်။

ဖတ်ကြားတင်ပြ

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးထံမှ ပေးပို့သောသဝဏ်လွှာကို ပဲခူးတိုင်း (အနောက်ပိုင်း)တိုင်းခွဲ ကျန်းမာရေးဦးစီးဌာနမှူးကိုယ်စား ပြည်မြို့ အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ကြည်က ဖတ်ကြားတင်ပြသည်။

(သတင်းစဉ်)

သတင်းပဒေသာအတိုအထွာ

ရန်ကုန် ဇွန် ၃

ဉာဏ်သစ်လောင်းဟောပြောပွဲ တက်ရောက်နိုင်

အမျိုးသမီးများတွင်အဖြစ်များသော အရိုး၊ ကြွက်သားနာကျင်မှုဆိုင်ရာ ရောဂါများအကြောင်း ဉာဏ်သစ်လောင်းဟောပြောပွဲကို မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင် (အေ)၌ ဇွန် ၅ရက် နံနက် ၈နာရီခွဲတွင် ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်လိုက ယင်းနေ့ နံနက် ၈နာရီမှစ၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၌ မှတ်ပုံတင်နိုင်သည်။

ဓာတ်ပုံသင်တန်းများ ဖွင့်လှစ်လျက်ရှိ

ဓာတ်ပုံဆိုင်ဖွင့်လှစ်လိုသူများနှင့် ဓာတ်ပုံပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူ လူငယ်များအတွက် တက္ကသိုလ်ဟန်မင်းဦး ဓာတ်ပုံအနုပညာသင်တန်းကျောင်းမှ သင်တန်းများ ဖွင့်လှစ်လျက်ရှိရာ ဇွန် ၅ရက်တွင် သင်တန်းစတင်ဖွင့်လှစ်မည်ဖြစ်ပြီး တက်ရောက်လိုသူများ ဖုန်း-၂၂၇၁၉၉သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

ကုက္ကိုင်းရေကူးအသင်း နှစ်ပတ်လည်စည်းဝေးမည်

ကုက္ကိုင်းရေကူးအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဇွန် ၂၇ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် အသင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စာရေးဆရာမဂျူးဟောပြောမည်

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ကြီးမှူး၍ ဇွန် ၅ရက် မွန်းလွဲ ၂နာရီတွင် စာရေးဆရာမဂျူးက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ဝတ်နီတိခေါင်းစဉ်ဖြင့် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower (ပထမထပ်)ခန်းမ၌ ဟောပြောမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်သည်။

အခြေခံယာဉ်မောင်းသင်တန်း တက်ရောက်နိုင်

မော်တော်ယာဉ် မောင်းနှင်လိုသူများအနေဖြင့် စနစ်တကျ မောင်းနှင်တတ်စေရန် ကုန်းလမ်းပို့ဆောင်ရေး မော်တော်ယာဉ်အလုပ်ရုံ အမှတ်(၃)မှ အခြေခံယာဉ်မောင်းသင်တန်းများ ဖွင့်လှစ်လျက်ရှိရာ အပတ်စဉ် (၂၁၂) ကို ဇွန် ၉ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး တက်ရောက်လိုသူများ ဖုန်း-၂၉၀၃၁၂သို့ ဆက်သွယ်စုံစမ်းနိုင်သည်။

တာဝန်ကျေခဲ့ပါသည် စာအုပ်ဖြန့်ချိ

တပ်မတော်သားတစ်ဦး၏ဘဝနှင့် ခက်ခဲကြမ်းတမ်းသော ခရီးလမ်းများ လျှောက်လှမ်းခဲ့ရပုံများကို ကိုယ်တွေ့ဖြစ်ရပ်နှင့် အတွေ့အကြုံကို အခြေခံ၍ စာရေးဆရာ စစ်နွေရေးသားသော တာဝန်ကျေခဲ့ပါသည်စာအုပ်ကို ထုတ်ဝေဖြန့်ချိထားရာ ဖုန်း-၅၀၂၆၇၃၊ ၅၅၉၂၇၃နှင့် ၅၀၁၄၃၂တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်

ဒေသကောလိပ်(၂) ၁၉၇၈ ရေထွက်ပစ္စည်းမွေးမြူရေး (First Batch)၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ကျင်းပမည်ဖြစ်ရာ ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ဇွန်၅ရက်(စနေနေ့) ညနေ ၆နာရီတွင် ဝါးတန်းလမ်းရှိDorene စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်သည်။

ပို့ကုန်/ သွင်းကုန် လုပ်ထုံးလုပ်နည်းသင်တန်းဖွင့်မည်

ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ လုပ်ကိုင်ရာတွင် နားလည်သဘောပေါက်စေရန်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန(ရန်ကုန်တိုင်းရုံး)တွင် ပို့ကုန်၊ သွင်းကုန် လုပ်ထုံးလုပ်နည်းသင်တန်း အမှတ်စဉ်(၃၅)ကို ဇွန် ၁၄ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ တက်ရောက်လိုသူများ အဆိုပါရုံး ဒုတိယထပ် သင်တန်းခန်းမ၌ စုံစမ်းစာရင်းပေးသွင်းနိုင်သည်။

ရန်ကုန်ခရီးသွားဂျာနယ် ဝတ္ထုတိုပြိုင်ပွဲ

ရန်ကုန်ခရီးသွားဂျာနယ်မှ ဝတ္ထုတိုပြိုင်ပွဲကျင်းပမည်ဖြစ်ရာ ဝါသနာရှင်များ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဇူလိုင် ၃၁ရက်(စနေနေ့)နောက်ဆုံးထား၍ စာမူများပေးပို့နိုင်ပြီး ပြိုင်ပွဲဝင်စည်းကမ်းများကို ရန်ကုန်ခရီးသွားဂျာနယ်နှင့် ရန်ကုန်၊ မန္တလေး စာအုပ်ဆိုင်ကြီးများတွင် တောင်းယူနိုင်ပြီး ဖုန်း-၀၁-၃၈၁၈၅၈သို့ ဆက်သွယ်စုံစမ်းနိုင်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ-ဝင်းကျော်

ယုဇနပလာဇာ မြေညီထပ်ဆိုင်ခန်းများကို (၈.၆.၂၀၁၀)နေ့တွင်(လေလံစနစ်)ဖြင့် စတင်ရောင်းချပေးပါမည်။

ဆက်သွယ်ရန်လိပ်စာ - ယုဇနစင်တာ (ရုံးချုပ်)၊ တတိယထပ်၊ အမှတ် (၁၃၀) ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၅၄၀၇၄၅၊ ၅၄၀၇၄၆၊ ၅၄၀၇၄၇

IELTS Professor & International Education Counsellor

Sembawang

(Sea-7)

- Electrical SS 450+78+OT
- Welder SS 450+78+OT
- Pipe Fitter SS 450+78+OT
- Mechanical SS 450+78+OT

Ticket

Tel: 392233/377576/386877

ကမ္ဘာ့ဖလားဘောလုံးပွဲ ဘယ်သူဗိုလ်စွဲမလဲ

ကျော့မောင် (မင်္ဂလာတောင်ညွန့်)ရဲ့

"၂၀၁၀ ကမ္ဘာ့ဖလားမြင်ကွင်းကျယ်"စာအုပ်

ထွက်ပြီ

အမြို့မြို့ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါပြီ။

V.I.P FASHION

အထည်ဆိုင် ကို

ယုဇနပလာဇာ၊ မြေညီထပ် F-11 နှင့် တော်ဝင်ပလာဇာ ပထမထပ် ၁၀၃/၁၀၄ ပထမထပ်တွင် ပြောင်းရွှေ့ဖွင့်လှစ်ထားပါသည်။

ဖုန်း-၀၉-၅၀-၁၉၄၃၂၊ ၂၀၀၇၄၇၊ Ex-၁၁၄၀

အမည်ပြောင်း

အဖ ဦးလှကျော်ကံ၏သမီး လှိုင်သာယာမြို့နယ် အမက (၄၄) ဒုတိယတန်းအောင်မှ မသဲနုဇံအား မခိုင်ခိုင်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မခိုင်ခိုင်ကျော်။**

မြန်မာ့အာမခံလုပ်ငန်း ညှိနှိုင်းစည်းဝေး

ရန်ကုန် ဇွန် ၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းရုံးချုပ်နှင့် ရုံးချုပ်၊ ပြည်နယ်၊တိုင်း၊ ခရိုင်ရုံးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်) အစည်းအဝေးခန်းမ၌ကျင်းပရာ အထွေထွေမန်နေဂျာ ဒေါက်တာမောင်မောင်သိမ်းက အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)** ဆက်လက်၍ ရုံးချုပ်ဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပြည်နယ်၊တိုင်း၊ ခရိုင်ရုံးများမှ တာဝန်ခံများက ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အာမခံလုပ်ငန်းရပ်အသီးသီးအပေါ် လျာထားချက်ပြည့်မီကျော်လွန်နိုင်ရေးအတွက် လုပ်ငန်းစီမံချက်များ ဖတ်ကြားတင်သွင်းကြသည်။

၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်တွင် မြန်မာ့အာမခံလုပ်ငန်း၏ ဝင်ငွေစုစုပေါင်းမှာ ကျပ်သန်းပေါင်း ၁၅၀၇၇ ဒသမ ၃၄ကျပ်ဖြစ်ပြီး အာမခံလျော်ကြေးစုစုပေါင်းမှာ ကျပ်သန်းပေါင်း ၂၅၁၇ ဒသမ ၄၇ကျပ်ကို အာမခံထားသူများထံ လျင်မြန်စွာ လျော်ကြေးများပေးချေခဲ့ကြသည်။ **(မြန်မာ့အာမခံလုပ်ငန်း)**

ပဲခူးတိုင်း ရဲတပ်ဖွဲ့မှူးရုံး ပဲခူးတိုင်းအရန်တပ်ခွဲနှင့် ပဲခူးယာဉ်ထိန်းတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်၊ စာရေးဝန်ထမ်းများ၏သားသမီး ကျောင်းသား ကျောင်းသူ ၈၃ဦး တို့အား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁ရက်က ပဲခူးတိုင်းအရန်တပ်ခွဲရှိ သင်တန်းခန်းမ၌ကျင်းပရာ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသိန်းကြည်နှင့် တာဝန်ရှိသူများက ပညာသင်စရိတ်ငွေကျပ် ၁၀၈၆၀၀၀နှင့် ကျောင်းသုံးဗလာစာအုပ် ၂၄၆ ဒါဇင်ကို ကျောင်းသား ကျောင်းသူများအား ထောက်ပံ့ပေးအပ်စဉ်။(တိုင်းရဲတပ်ဖွဲ့)



သဘာဝသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြော

ပဲခူး ဇွန် ၃

ပဲခူးတိုင်းအတွင်း သဘာဝသယံဇာတထိန်းသိမ်းရေးနှင့် ငါးရစ်ငါးသန်ကာကွယ်တားဆီးရေးလုပ်ငန်းများဆောင်ရွက်မည့် စီမံချက်အရ ပဲခူးခရိုင် ပဲခူးမြို့နယ် ကလိကျေးရွာတွင် မေ ၂၄ ရက်က သဘာဝသယံဇာတထိန်းသိမ်းရေးနှင့် တရားမဝင် ငါးဖမ်းနည်းများဖြင့် ငါးမဖမ်းဆီးရေး ပညာပေးဟောပြောပွဲကိုကျင်းပသည်။

လျှုဒါန်း

အခမ်းအနားတွင် တိုင်းဦးစီးဌာနမှူးနှင့် ခရိုင်ဦးစီးဌာနမှူးတို့က ဘက်ထရီရှော့တိုက်(ကျဉ်စက်)ဖြင့် ငါးဖမ်းခြင်း၊ အဆိပ်ချငါးဖမ်းခြင်း၊ မိုင်းခွဲ ငါးဖမ်းခြင်းများ အပါအဝင် တရားမဝင် ငါးဖမ်းနည်းများဖြင့် ငါးမဖမ်းဆီးရေးနှင့် ငါးရစ်ငါးသန်ကာလများဖြစ်သော (မေလနှောင်းပိုင်းမှ ဇူလိုင်လ)အထိ မဖမ်းဆီးရေး ဟောပြောကြပြီး ပဲခူးတိုင်းဦးစီးဌာနမှ ကလိကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌထံသို့ ကျေးရွာ စာကြည့်တိုက်အတွက် ငွေပင်လယ်ဂျာနယ်များကို ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

(ငါးလုပ်ငန်းဦးစီးဌာန)

မေ၂၀ရက်က သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မလမ်း၌ ရေစီးရေလာကောင်းမွန်ရေးအတွက်ရေမြောင်းတူးဖော်ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးငွေးလွင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမင်းကျော်ခိုင်တို့ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မုံရွာမြို့ ချင်းတွင်းရတနာဈေး(ဈေးသစ်)၌ မီးလောင်မှုဖြစ်ပွား ဆိုင်ခန်း ၄၀၆ခန်း မီးလောင်ဆုံးရှုံးခဲ့

နေပြည်တော် ဇွန် ၃

စစ်ကိုင်းတိုင်း မုံရွာမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ ချင်းတွင်းရတနာဈေး (ဈေးသစ်) နှစ်ထပ်ဆောင် တစ်ဆောင်၌ ယနေ့နံနက် ၃နာရီ ၅၅မိနစ်ခန့်တွင် မီးလောင်မှု ဖြစ်ပွားပြီး နံနက် ၇နာရီခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရှိရသည်။

ဝိုင်းဝန်းငြိမ်းသတ်

မီးလောင်မှု ဖြစ်ပွားကြောင်း သိလျှင်သိချင်း အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယတိုင်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများက မီးသတ်ယာဉ်၃၅စီး၊ ရေသယ်ယာဉ် ၁၂စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြကြောင်း၊ မီးလောင်မှုကြောင့် ချင်းတွင်းရတနာဈေး (ဈေးသစ်) နှစ်ထပ်ဆောင် နှစ်ဆောင်အနက် အရှေ့ဘက်ခြမ်းအဆောင်ရှိ အပေါ်ထပ်ဆိုင်ခန်း ၂၅၃ခန်း၊ အောက်ထပ်ဆိုင်ခန်း ၁၅၃ခန်း စုစုပေါင်း ၄၀၆ခန်း မီးလောင်ဆုံးရှုံးခဲ့ကြောင်း၊ ဆိုင်ခန်းများ မီးလောင် ဆုံးရှုံးသော်လည်း မီးလောင်သည့် ဆိုင်ခန်းများမှ ပစ္စည်းအားလုံး ဆုံးရှုံးမှုမရှိဘဲ အချို့ပစ္စည်းများကို မီးဘေးလွတ်ကင်းရာသို့ သယ်ယူရွှေ့ပြောင်းနိုင်ခဲ့ကြောင်းနှင့် အနောက်ဘက်ခြမ်း နှစ်ထပ်အဆောင်ကို မီးကူးစက်လောင်ကျွမ်းမှု မရှိစေရေး တားဆီးနိုင်ခဲ့ကြောင်း သိရသည်။

မီးမှာ အရှေ့ဘက်ခြမ်း နှစ်ထပ်ဆောင်၏ အောက်ထပ်ရှိ ဆိုင်ခန်းအမှတ်(၁၆၊၁၇)မှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးစတင်လောင်ကျွမ်းရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ မီးလောင်ဆုံးရှုံးမှုကြောင့် နိုင်ငံနှင့် ပုဂ္ဂလိကပိုင်ရှင်များအတွက် ကြီးမားသော ဆုံးရှုံးမှု ဖြစ်ပေါ်စေသဖြင့် မီးလောင်မှုနှင့် ပတ်သက်၍ တာဝန်ရှိသူအား ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စလင်းမြို့နယ်အတွင်း သောက်သုံးရေခက်ခဲသော ကျေးရွာများကို စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ရေသယ်ယာဉ်ဖြင့် ရေဖြန့်ဝေပေးလျက်ရှိရာ သောက်သုံးရေခက်ခဲသော ကျေးရွာတစ်ရွာဖြစ်သည့် မကျီးဖျားကျေးရွာအုပ်စု မြင်ခင်းသာကျေးရွာ ရေဖြန့်ဝေပေးမှုကို မေ၁၅ရက်တွင် အမှုဆောင်အရာရှိ ဦးတင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မင်းသန့်တို့ ကွင်းဆင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ဂုဏ်ပြုတပ်ဖွဲ့ စစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်အား ဂုဏ်ပြုကြိုဆို

နေပြည်တော် ဇွန် ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နေပြည်တော်သို့ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်အား နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့နံနက် ဇနာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ကျင်းပသည်။ *စာမျက်နှာ ၃ ကော်လံ ၄* ❍